mgyoe.com

ပန်းရွှေပြည်စာအုပ်တိုက်

SAMPLE BOOK





# Rich Dad's WHO TOOK MY MONEY?

Robert T.Kiyosaki
Sharon L.Lechter


# ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားလဲ


ညီညီနိုင်


- ကိုယ့်ငွေကို သူများအတွက် ရင်းနှီးငွေမဖြစ်စေဘဲ ကိုယ့်ငွေနှင့်ကိုယ်ရင်းပြီး ငွေပွားချင်သူတွေအတွက်
- ငွေကို မသုံးမစွဲ ကုတ်ကတ်စုနေရသူဘဝမှ ရင်းနှီးမြှုပ်နှံသူဘဝ ရောက်ချင်သူတွေအတွက်
- အပ်နှံ ,ချေးငှား ,အတိုးအမြတ် စားရတယ်ဆိုတာ ကိုင်းဖျားကိုင်းနားလောက်ပါ။ ပင်စည်အရင်းအမြစ် တူးဖော်စားဖို့ဆိုတာ ....
- ငွေကိုနဖားကြိုးထိုးပြီး ခိုင်းစားချင်သူတွေအတွက်

mgyoe.com

# ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ





















mgyoe.com




# တကယ်လုပ်ပြီး အဟုတ်ဖြစ်နေသူများ

ညီညီနိုင်

**ADDED VALUE**

PETER CHURCH

ထွက်ပြီ။

ခွင့်ပြုအမှတ်- ၆၃၈/၂၀၀၃ (၇)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| စာရေးသူအမှာ | ၉ |
| နိဒါန်း | ၁၁ |
| ဒေါ်လာ ၁၀,၀၀၀ ကို ၁၀ နှစ်အတွင်း ဒေါ်လာ ၁၀ သန်းဖြစ်အောင် ဘယ်လိုပန်တီးမလဲ | |
| **အပိုင်း – ၁** | ၃၁ |
| <u>ကျွန်တော် ဘာရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမလဲ</u> | |
| အခန်း ။ ၁ ။ | ၃၃ |
| အခန်း ။ ၂ ။ | ၄၃ |
| အခန်း ။ ၃ ။ | ၅၈ |
| အခန်း ။ ၄ ။ | ၆၇ |
| အခန်း ။ ၅ ။ | ၇၃ |
| အခန်း ။ ၆ ။ | ၇၈ |
| အခန်း ။ ၇ ။ | ၉၃ |
| အခန်း ။ ၈ ။ | ၁၀၇ |
| အခန်း ။ ၉ ။ | ၁၂၃ |
| **အပိုင်း – ၂** | ၁၃၉ |
| <u>ရင်းနှီးမြှုပ်နှံသူတစ်ဦးကို မေးပါ</u> | |
| အခန်း ။ ၁၀ ။ | ၁၄၁ |
| အခန်း ။ ၁၁ ။ | ၁၅၁ |
| အခန်း ။ ၁၂ ။ | ၁၆၇ |
| အခန်း ။ ၁၃ ။ | ၁၈၇ |
| အခန်း ။ ၁၄ ။ | ၂၀၁ |
| အခန်း ။ ၁၅ ။ | ၂၁၆ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

*Rich Dad's*

# WHO TOOK MY MONEY?

**Robert T. Kiyosaki**

**with**

**Sharon L. Lechter**

---

# ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ

ညီညီနိုင်

mgyoe.com

mgyoe.com SAMPLE BOOK

၅၀၀၀ ကျပ်
၅၀၀ အုပ်
၂၀၀၅ ခုနှစ် နိုဝင်ဘာလ
ပထမအကြိမ်

မျက်နှာဖုံးဒီဇိုင်း
ရဲရဲ

ထုတ်ဝေသူ
ဦးသိမ်းမင်း (ယာယီ ၇၆၂)
ပ်န်းရွှေပြည်စာပေ၊
အမှတ် ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှထူး (၀၇၃၈၂)၊ ထူးပုံနှိပ်တိုက်၊
အမှတ် ၂၂၅၊ ၁၀ / တောင်ရပ်ကွက်၊
အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
စာမူခွင့်ပြုချက် ၄၀၀၃၃၃၈၅၀၄
အဖုံးခွင့်ပြုချက် ၄၀၀၄၀၃၀၅၀၅

mgyoe.com

mgyoe.com SAMPLE BOOK

* ကိုယ့်ငွေကို သူများအတွက် ရင်းနှီးငွေမဖြစ်စေဘဲ
ကိုယ့်ငွေနှင့် ကိုယ်ရင်းပြီး ငွေပွားချင်သူတွေအတွက်

* ငွေကို မသုံးမစွဲ ကုတ်ကတ်စုနေရသူဘဝမှ
ရင်းနှီးမြှုပ်နှံသူဘဝ ရောက်ချင်သူတွေအတွက်
ငွေကို နဖားကြိုးထိုးပြီး ခိုင်းစားချင်သူတွေအတွက်

* အပ်နှံ, ချေးငှား, အတိုးအမြတ် စားရတယ်ဆိုတာ
ကိုင်းဖျားကိုင်းနားလေးလောက်ပါ။
ပင်စည်အရင်းအမြစ်ကို တူးဖော်စားဖို့ဆိုတာ–

mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းရွှေပြည်စာအုပ်တိုက်မှ
## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

- ○ အေးလ်ကာနက်ဂျီ၏ ငါးမိနစ်အတ္ထုပ္ပတ္တိများ
- ○ အေးလ်ကာနက်ဂျီပြောပြသည့် တိုးတိုးတိတ်တိတ် ဖြစ်ရပ်များ
- ○ အေးလ်ကာနက်ဂျီသိသော လူကျော်လူတော်များ
- ○ ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်
  (ရဲမြင့်အောင်အမည်ဖြင့်)
- ○ စကားမှတ်တမ်း စာမှတ်တမ်း
- ○ သူဌေးဖေဖေ ဆင်းရဲဖေဖေ
- ○ ဇာဘုရင့်နန်းတော်ထဲက ရင်ငွေ့လှုံဆရာကြီး ရပ်စပြူတင်
- ○ မပြောသောစကားကို နားလည်ရေး
- ○ လူရည်လည်ဖို့ လူတွင်ကျယ်ဖို့
- ○ အငြိမ်းစားလူငယ် အငြိမ်းစားသူကြွယ်
- ○ စကားလက်ဆောင်

mgyoe.com

mgyoe.com

SAMPLE BOOK

# စာရေးသူအမှာ

ဒီစာအုပ်ဟာ သာမန်ရင်းနှီးမြှုပ်နှံသူတွေရတဲ့ သာမန်အမြတ်အစွန်းထက် ပိုရချင်သူတွေနှင့် သူတို့ငွေကို ပိုပြီး ပိုင်ပိုင်နင်းနင်းထိန်းချုပ် အသုံးချလိုသူတွေအတွက် ရေးခဲ့တာပါ။

ဒီစာအုပ်က 'ခင်ဗျား ဘာလုပ်ရမယ်'ဆိုတာတော့ အတိအကျ ပြောပြနိုင်မှာ မဟုတ်ပါဘူး။ ဒါကလည်း ကြွယ်ဝချမ်းသာရေးမှာ ဘယ်လိုလုပ်ရမယ်, ဘာလုပ်ရမယ် ဆိုတာက ခင်ဗျားအပေါ်မှာသာ မူတည်နေတာကြောင့်ပါပဲ။

သို့သော်လည်း ဒီစာအုပ်မှာ ရင်းနှီးမြှုပ်နှံသူတချို့ဟာ အရင်းအနှီးနည်းနည်းနှင့် သိပ်မစွန့်စားရဘဲ အချိန်အနည်းငယ်အတွင်းမှာ (သာမန်ငွေရှင်ထက်) အဆပေါင်းများစွာ မြင့်မားတဲ့ အမြတ်အစွန်းတွေရရှိပုံကို နားလည်အောင်ရှင်းပြရင်း လမ်းညွှန်ကူညီပေးထားပါတယ်။

လူ ၁၀၀ မှာ ၉၀ လောက်ဟာ သာမန်ရင်းနှီးမြှုပ်နှံသူတွေသာဖြစ်နေကြပြီး၊ ပိုက်ဆံစုတာရယ်, အကျိုးတူရန်ပုံငွေတွေ 401 (k)ရယ်, အငြိမ်းစားစုဆောင်းငွေတွေမှာရယ် အပ်နှံမြှုပ်နှံထားလေ့ ရှိနေကြပါတယ်။

ဒီစာအုပ်အနေနှင့် ကျွမ်းကျင်တဲ့ငွေရင်းနှီးမြှုပ်နှံသူတွေအဖြစ် ရင်းနှီးမှုတွေအပေါ်က အမြတ်တွေတိုးပွားပြီး ငွေကြေးစီးပွားရေး ကြီးထွားခိုင်မာအောင်လုပ်လိုသူ (ခုနက ကျန်တဲ့ ၁၀ ရာခိုင်နှုန်းကိုသာ) ကိုယ်တိုင်သင်ယူလေ့လာဖို့ နည်းလမ်းပေးထားတာဖြစ်ပါကြောင်း ...။

ကျေးဇူးတင်ပါတယ်။

ရောဘတ် ကီယိုဆာကီ
ရှရွန် အယ်လ် လက်ချ်တာ

mgyoe.com

အရေးတကြီး အဓိကပြောချင်တဲ့အချက်ကတော့ သာမန် ရင်းနှီးမြှုပ်နှံသူတွေ မဟုတ်တဲ့လူတွေအတွက် ဒီစာအုပ်ကိုရေးဖို့ စိတ်ကူးပေါ်ခဲ့ရတာကြောင့် သူ့ကို ကျေးဇူးတင်မိတယ်ဆိုတာပါပဲ။

## မကြာမကြာ
## မေးလေ့ရှိတဲ့
## မေးခွန်းများ

ဒီစာအုပ်ကို ရေးမယ်လို့ဆုံးဖြတ်လိုက်တာနှင့်တစ်ပြိုင်နက် သူဌေးဖေဖေရဲ့ အသေးစားရင်းနှီးမြှုပ်နှံမှုတစ်ခုက အဆမတန်လွန်ကဲတဲ့ပြန်အမ်းငွေတွေရစေတဲ့ ဖော်မြူ ဟာကို ရှင်းပြချိန်တန်ပြီလို့ သဘောပိုက်လိုက်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အဖြေပေးဖို့ ရှောင်တတ်တဲ့မေးခွန်းတွေကို သွားသတိရ မိပါတယ်။ အဲဒါတွေကတော့–

၁။ 'ကျွန်တော့်မှာ ဒေါ်လာ ၁၀,၀၀၀ ရှိပါတယ်။ ဘယ်ရင်းနှီးမြှုပ်နှံမှုမှာ ထည့်ဝင်ရမလဲ'

၂။ 'ဆရာ ထောက်ခံအားပေးတဲ့ရင်းနှီးမြှုပ်နှံမှုအမျိုးအစားက ဘာတွေလဲ'

၃။ 'ဘယ်လို အစပျိုးလုပ်ရမလဲ' ဆိုတာတွေပါပဲ။

ကျွန်တော် အဖြေမပေးခဲ့တဲ့ အဓိကအကြောင်းရင်းက မှန်ကန်တဲ့အဖြေအစစ် ဟာ "ဒါကတော့ ခင်ဗျားအပေါ်မှာပဲ မူတည်တယ်။ ကျွန်တော်လုပ်လေ့ရှိတဲ့ လမ်း ကြောင်းဟာ မကြာခဏဆိုသလိုပဲ ခင်ဗျားလုပ်မယ့်ပုံစံနှင့် သွေဖည်ခြားနားနေတတ် ပါတယ်"လို့သာ ဖြစ်ပါတယ်။

ကားအင်ဂျင်ကကျနေတာမို့ အမြန်မမောင်းနိုင်တဲ့အပြင် တအိအိနှင့်သွားရင်း က ငွေပြန်တိုးရေးဆိုတဲ့တောင်ထိပ်ကိုရောက်ဖို့ ခဲယဉ်းလှပါတယ်။ ဒီကြားထဲ ဘီရိတ်က မကောင်းတော့ ကျွမ်းထိုးမှောက်ခုန် နောက်ပြန်တောင်ကျနိုင်ပါသေးရဲ့။

m g y သူတို့နည်းက နှေးကွေးတယ်, စွန့်စားရတယ်, ပြီးပြည့်စုံမှုမရှိဘူး, စိတ်မချရဘူး။ ရင်းနှီးမြှုပ်နှံမှုတွေထဲမှာ ပေးဆပ်ရမှုအကြီးမားဆုံး ဖြစ်ပါတယ်။ SAMPLE BOOK

## ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ

"ကျွန်တော်တို့ ဘာတွေကိုရင်းနှီးမြှုပ်နှံမှုလုပ်ရမလဲ"မေးလာတဲ့အခါ ကျွန်တော်က ဇယားကွက်တစ်ခု ထုတ်ပြလိုက်ပါတယ်။

"ရင်းနှီးမြှုပ်နှံမှုမှာ ပိုင်ဆိုင်မှု ၃ မျိုး ၃ စား ခွဲထားတာရှိတယ်။ စီးပွားရေးလုပ်ငန်းတွေ, အိမ်ခြံမြေတွေ, စာရွက်စာတမ်းတွေပါပဲ။ ဇယားကွက်မှာတော့ ၂ မျိုးကိုနှိုင်းယှဉ်ပြထားပါတယ်။ အိမ်ခြံမြေရောင်းဝယ်မှုနှင့် သာမန်လူအများစုတွေ ထည့်ဝင်ရင်းနှီးကြတဲ့ S&P 500 ညွှန်းကိန်းတို့ ကွာခြားပုံကိုပြထားရာမှာ တောင်ထိပ်လို ထောင်တက်သွားတာနှင့် တောင်ကုန်းလိုဖြစ်နေတာ တွေ့ရမှာပါ။

အိမ်ခြံမြေမှာ ဒေါ်လာ ၁၀,၀၀၀ ရင်းတာ ၁၀ နှစ်ကြာကော့ ၁၅၈၆၇၃ ဖြစ်လာတယ်။ S&Pမှာ ၁၀,၀၀၀ ရင်းတာဟာ ၁၀ နှစ်အကြာမှာ ၁၇၃၉၇ သာရပြီး ကျရိပ်ပြနေတာ တွေ့ရပါလိမ့်မယ်။

ထူးခြားချက်က အိမ်ခြံမြေမှာ ဒေါ်လာ ၁၀,၀၀၀ ရင်းတာဟာ ၉၀ ရာခိုင်နှုန်းတိုးပွားလာပြီး၊ အဲဒီ ဒေါ်လာ ၉၀၀၀၀ ဟာ ဘဏ်ပိုင်ရှင်ရဲ့ငွေတွေနှင့် လှည့်ရင်းထားတာဖြစ်နေလို့ပါပဲ။

ဒီနေရာမှာ "လူတွေဟာ ဘာကြောင့် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှု မလုပ်ကြတာလဲ"ဆိုတဲ့မေးခွန်းတွေ ထွက်လာတယ်။

ကျွန်တော့်အဖြေကတော့–

"အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ နားလည်ကျွမ်းကျင်ရမယ်။ လုပ်ငန်းအောင်မြင့်ရေးမှာ စီးပွားရေးဆိုင်ရာတတ်ကျွမ်းမှုတွေ ပိုလိုအပ်သလို ငွေကြေးနှင့် စီမံခန့်ခွဲရေးပိုင်းတွေမှာ မျက်ခြည်မပြတ် ဂရုစိုက်စောင့်ရှောက်ထိန်းသိမ်းမှုတွေ ရှိရမယ်။ အဲ၊ အကျိုးတူစုဆောင်းငွေလိုက်စွတွေက စာရွက်စာတမ်းပိုင်ဆိုင်မှုမှာတော့ ကုန်ကျစရိတ်နည်းတယ်။ ကိုယ်တိုင် စီမံခန့်ခွဲစရာ မလိုသလောက်ဖြစ်ပြီး အတော့်ကိုလွယ်ကူပါတယ်။ ဒါဟာ လူများစုက အဲဒီပိုင်ဆိုင်မှုတွေမှာ ရင်းနှီးမြှုပ်နှံကြတဲ့အကြောင်းပါပဲ။

mgyoe.com SAMPLE BOOK

ကျွန်တော်တို့အများစုဟာ လူတွေကြွားဝါတာ၊ ချဲ့ကားပြောတာတွေကို မကြိုက်ကြပါဘူး။ ဒါပေမယ့် ဆောင်းပါးရှင်မှတ်ချက်ချသလို ကျွန်တော်ဟာ ချဲ့ကားပြီးပိုပြောတာ မဟုတ်တဲ့အပြင် လိုတောင်လိုနေပါဦးမယ်။

စင်စစ်တော့ ကျွန်တော်ရဲ့အမြတ်အစွန်းတွေနှင့်ပတ်သက်လို့ လျှော့တောင်ပြောခဲ့တာပါ။ တစ်နည်းအားဖြင့် ကျွန်တော်ပြန်ရတဲ့ငွေတွေဟာ စက္ကူပေါ်ရေးထားရုံသက်သက် မဟုတ်ပါဘူး။ ငွေပေါ်ငွေပြန်ရပြီး ငွေသားချည်း ကျွန်တော့်အိတ်ထဲဝင်လာတာဟာ ၃၉ ရာခိုင်နှုန်းထက်တောင် မြင့်မားများပြားပါသေးရဲ့။

ဒီလိုနှင့် ကျွန်တော်ဟာ ဆောင်းပါးရှင်ကို လူချင်းတွေ့ခွင့်တောင်းခဲ့တယ်။ သူကလည်း ကြည်ကြည်ဖြူဖြူလက်ခံတာနှင့် ကျွန်တော့်ရဲ့စာရင်းကိုင်နှင့်အတူ သူ့ကို ချိန်းတွေ့ကြတယ်။ ပြီးတော့ ၃၉ ရာခိုင်နှုန်းကို ကျွန်တော် ဘယ်လိုရရှိတယ်ဆိုတာ ရှင်းပြခဲ့ပါတယ်။ သူက တကယ်တမ်းနားမလည်သေးပုံနှင့် တစ်ခွန်းတည်း မှတ်ချက်ချပိုက်ပါတယ်။

"ခင်ဗျားအနေနှင့်တော့ ဟုတ်ပါပြီ။ တခြား သာမန်ရင်းနှီးမြှုပ်နှံသူတွေ အနေနှင့်တော့ ခင်ဗျားလိုလုပ်နိုင်မှာ မဟုတ်ပါဘူး"

"ကျွန်တော်ကလည်း သူတို့လုပ်နိုင်တယ်လို့ မပြောခဲ့ပါဘူး"

"ခင်ဗျားလုပ်ပုံလုပ်နည်းက စွန့်စားလွန်းရာကျပါတယ်"

"လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက သန်းပေါင်းများစွာသော ရင်းနှီးမြှုပ်နှံသူတွေဟာ ကုဋေပေါင်းများစွာသောဒေါ်လာတွေ ဆုံးရှုံးခဲ့ကြရတယ်။ အထူးသဖြင့် စတော့ရှယ်ယာတွေနှင့် အကျိုးတူစုဆောင်းငွေတွေအရပေါ့။ နှစ်ရှည် အကျိုးတူစုဆောင်းငွေတွေမှာ ရင်းနှီးမြှုပ်နှံသူတွေအများကြီးပဲ။ အငြိမ်းစားမယူနိုင်ခဲ့ကြဘူးလေ။ အဲဒါကော စွန့်စားရတာမဟုတ်ဘူးလား"

ဒီတော့ သူက ပျာပျာသလဲခုခံကာကွယ်တယ်လေ။

"ဒါကတော့ လူတစ်စုကပေါင်းပြီး ညစ်ကြတာကိုး"

"ဒါလည်း တစ်စိတ်တစ်ဒေသ မှန်ပါတယ်။ ဒါပေမယ့် စီးပွားရေးအကြံပေးတွေ၊ စတော့ပွဲစားတွေ၊ စီးပွားရေးစာနယ်ဇင်းသမားတွေရဲ့ စကားအမှားတွေကို နားယောင်မိလို့ ဒုက္ခရောက်ကုန်ကြရတဲ့လူတွေ ဒုနှင့်ဒေးပါ။ အကျိုးတူရန်ပုံငွေတွေထဲမှာ နှစ်ရှည်ထည့်ဝင်ရင်းနှီးတာဟာ ရောမကောင်းမွန်တဲ့အကြံပဲဆိုတာ လူတွေကို ဘဝပျက်စည်းစိမ်ပြုတ်အောင်လုပ်ခဲ့တာပဲ မဟုတ်လား"

mgyoe.com

mgy SAMPLE BOOK

"ကျွန်တော်ကတော့ အကျိုးတူစုဆောင်းငွေကို ဖြန့်ခွဲပြီး နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်တာဟာ သာမန်ငွေရင်းစားသူတွေအတွက် အကောင်းဆုံးအကြံလို့ ယူဆတုန်းပါပဲ"

"ကျွန်တော် မငြင်းပါဘူး။ ခင်ဗျားရဲ့အကြံမျိုးဟာ သာမန်ငွေရင်းစားသူတွေအဖို့ အကောင်းဆုံးပါပဲ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ မဟုတ်ဘူး"

ဒီနေရာမှာ ကျွန်တော်ခေါ်သွားတဲ့စာရင်းကိုင် တွမ်က ကြားဝင်ပြောပါတယ်။

"သေသေချာချာလေ့လာသုံးသပ်ပြီး ပိုင်ဆိုင်မှုအမျိုးမျိုးကို အသုံးချလုပ်ရင်တော့ သာမန်ငွေရင်းမြှုပ်နှံသူတွေဟာ စွန့်စားမှုနည်းနည်းနှင့် မြင့်မားတဲ့အမြတ်တွေရနိုင်ပါတယ်။ ထိုင်စောင့်နေမယ့်အစား ဈေးကွက်အတက်အကျကို မျက်ခြည်မပြတ်ကြည့်နေမယ်။ စီးပွားရေးပညာရှင် ကဝိဆရာကြီးတွေရဲ့ ဈေးကောင်းလာမယ့်စတော့တွေရဲ့အခြေအနေ ဟောကိန်းထုတ်တာတွေကို နားထောင်မယ်။ သူဌေးဖေဖေရဲ့ အကြံအစည်တွေကို အသုံးပြုမယ်။ ဈေးကွက်တက်တက်ကျကျ နလုံးတုန်ရင်ခုန်တာတွေမရှိဘဲ စိတ်အေးအေးထားနိုင်မယ်ဆိုရင် ဆိုးဆိုးဝါးဝါးမဖြစ်နိုင်ပါဘူး။ ဒါဆိုရင် အမြတ်အစွန်းမြက်မြက်ကလေးရရုံသာမက ငွေရင်းနည်းနည်းပါးပါးနှင့် စွန့်စားမှုသိပ်မလုပ်ရဘဲ ငွေတွေဟာ မှော်ဆရာကမျက်လှည့်ပြလိုက်သလို 'အတ်ချလောင်းဦးဖွ' ဆိုရုံနှင့် မျက်စိအောက်တင် အလိုအလျောက် ပုံတိုက်ကြီးရောက်လာမှာပါ။ ဒီရင်းနှီးမြှုပ်နှံမှုဟာ မဟာဗျူဟာမျိုးကို ကျွန်တော်ကတော့ 'ဦးဖွပိုက်ဆံ'လို့ ခေါ်လေ့ရှိပါတယ်။

၃၉ ရာခိုင်နှုန်းအမြတ်ရဖို့အကြံက ခု 'ဦးဖွပိုက်ဆံ'ဗျူဟာဆိုတာ စာနယ်ဇင်းဆရာနှင့်တွေ့လိုက်တဲ့ အချိန်တိုလေးအဖို့ နည်းနည်းတော့ လွန်ကဲသွားရာရောက်ပါတယ်။

'ဦးဖွ ပိုက်ဆံ'ဆိုတဲ့ ဝေါဟာရအသစ် ဖော်ထုတ်ချက်နှင့်ပဲ တွေ့ဆုံပွဲလည်းပြီးသွားရတာပါပဲ။

ကျွန်တော်ပြောခဲ့သလိုပဲ စာနယ်ဇင်းဆရာဟာ ခင်မင်နှစ်လိုဖွယ်ကောင်းသလောက် ရိုးသားပွင့်လင်းမှုရှိပါတယ်။ နောက်ရက်သတ္တပတ်အနည်းငယ်အကြာမှာ ကျွန်တော့်အကြောင်းဆောင်းပါးတစ်ပုဒ် သူ ထပ်ရေးပါတယ်။

ဆောင်းပါးက တိကျမှန်ကန်မှုရှိတဲ့တိုင်အောင် ကျွန်တော် အမြတ်အစွန်းတွေဘယ်လိုရခဲ့တယ်ဆိုတာ (ဦးဖွ ပိုက်ဆံ)နှင့်စပ်လျဉ်းလို့တော့ အရိပ်အမြွက်လေးတောင်ဖော်မထားခဲ့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အမေရိကန်တွေရဲ့ အကြီးမားဆုံးစိုးရိမ်ကြောက်ရွံ့မှုကတော့ အငြိမ်းစားယူချိန်အတွင်းမှာ ပိုက်ဆံပြတ်သွားမှာကိုပါပဲ။

USA Today survey

လူတွေ စီးပွားရေးမပြေလည်ရတဲ့ မူလအကြောင်းရင်းကတော့ သူလိုကိုယ်လိုဆင်းရဲတဲ့လူတွေ၊ ဒါမှမဟုတ် ညံ့ဖျင်းတဲ့အရောင်းကုန်သည်တွေဆီက စီးပွားရေးဆိုင်ရာအကြံဉာဏ်တွေကို ယူခဲ့လို့ပဲပေါ့။

Rich Dad

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

## ဒေါ်လာ ၁၀,၀၀၀ ကို
## ၁၀ နှစ်အတွင်း
## ဒေါ်လာ ၁၀ သန်းဖြစ်အောင်
## ဘယ်လိုဝန်တီးမလဲ

၂၀၀၂ ခုနှစ် ဒီဇင်ဘာလထဲမှာ ကျွန်တော်နေထိုင်ရာ အရီဇိုနာပြည်နယ် ဖီးနစ်စ်မြို့ထုတ် သတင်းစာတစ်စောင်ထဲမှာ ကျွန်တော်ရေးခဲ့ပြီး အဲဒီနှစ် အောက်တို ဘာလထဲမှာထုတ်ခဲ့တဲ့ 'သူဌေးဖေဖေရဲ့ဟောကိန်း' (Rich Dad's Prophacy) နှင့်ပတ်သက်လို့ ဆောင်းပါးတစ်ပုဒ်ပါခဲ့တယ်လေ။

ဆောင်းပါးက အတော်လေးတရားမျှတမှုရှိတာကိုတွေ့ရပြီး အံ့သြသွားရပါတယ်။ စီးပွားရေးစာနယ်ဇင်းသမားတွေက ဒီစာအုပ်ကို သိပ်အကောင်းမပြောချင်ကြတဲ့ကြားထဲမှာ သူက 'မဆိုးပါဘူး' ပြောခဲ့တာကြောင့်ပါ။

ဒါပေမယ့် ဆောင်းပါးရဲ့အပိတ်မှာ လက်လွှတ်စပယ်ရေးလိုက်တဲ့မှတ်ချက်တစ်ခုကြောင့် ကျွန်တော့်စိတ်ထဲ ကတိကအောင့်ဖြစ်သွားရပြန်ပါတယ်။

အဲဒါကတော့ ကျွန်တော့်ရဲ့ နောက်ဆုံးရင်းနှီးမြှုပ်နှံမှုက ၃၉ ရာခိုင်နှုန်းအမြတ်ထွက်ခဲ့တယ်ဆိုတဲ့အချက်ကို သူက ထောက်ပြဝေဖန်ခဲ့တာပဲပေါ့။ သူရဲ့ဝေဖန်ချက်က ကျွန်တော်ဟာ လိမ်ညာပြောတာမဟုတ်ရင် ချဲ့ကားပြောတာပဲဖြစ်ရမယ်တဲ့။

mgyoe.com SAMPLE BOOK

## သာမန်
## ပြန်ရငွေ

S&P 500 ဆိုတာ နိုင်ငံတကာဈေးကွက်ဖြစ်ပြီး၊ အိမ်ခြံမြေကတော့ ပြည်တွင်းဈေးကွက်ဖြစ်ပါတယ်။ S&P မှာထည့်ဝင်တဲ့ ငွေ ၁၀၀၀၀ ဟာ တခြားလူတွေရသလိုပဲ ပြန်အမ်းငွေရနိုင်ပေမယ့် အိမ်ခြံမြေကတော့ ၁၀၀၀၀ ရင်းပြီး အချိန်တူကာလအတွင်းမှာ ၁၅၈၆၇၃ ဒေါ်လာထက် ပိုချင်ပိုမယ်၊ ဒါမှမဟုတ် လျော့ချင်လျော့နိုင်ပါတယ်။

နောက်အကြောင်းတစ်ချက်ကတော့ စွန့်စားမှုနည်းနည်း၊ ငွေရင်းနည်းနည်းနှင့် ကြီးမြင့်တဲ့အမြတ်အစွန်းတွေရပုံကို ကျွန်တော့်လုပ်ရပ်အတိုင်း ပြောပြလိုက်ပြီဆိုရင်လည်း–

၁။ 'ဒီနေရာမှာတော့ အဲဒီလို ခင်ဗျားလုပ်နိုင်မှာ မဟုတ်ပါဘူး'

၂။ 'ကျွန်တော်တော့ လုပ်နိုင်မယ်မထင်ဘူး'

၃။ 'ဒီထက်လွယ်တဲ့နည်း မရှိတော့ဘူးလားဗျာ' စတဲ့ စောဒကမေးခွန်းတွေ ပေါ်လာပြန်ပါရော။

## လူတွေ
## ဆုံးရှုံးရတဲ့
## အကြောင်းရင်း

ကျွန်တော့်အယူအဆအရတော့ သက္ကရာဇ် ၂၀၀၀ နှင့် ၂၀၀၃ ခုနှစ်အတွင်းမှာ သန်းပေါင်းများစွာသောလူတွေ ဒေါ်လာကုဋေပေါင်းများစွာ ဆုံးရှုံးရတဲ့အကြောင်းရင်းက သူတို့ငွေတွေ ရင်းနှီးမြှုပ်နှံရာမှာ အလွယ်လမ်းကို လိုက်ခဲ့ကြလို့ပါပဲ။

သူတို့အတွက် အဖြေတွေကလည်း လွယ်လွယ်လေးနှင့် ရယ်ဒီမိတ်အဆင့်ဖြစ်ပြီးသား။

၁။ ငွေစုကြပါ။

၂။ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုး ခွဲဖြန့်လုပ်။

၃။ အကြွေးဝယ်ခွင့်ကတ်တွေကိုရှင်းပြီး အကြွေးကင်းအောင်နေ စသဖြင့်ပေါ့။

mgyoe.com

ဒီစာအုပ်ဟာ လွယ်ကူတဲ့အဖြေကို လိုချင်သူတွေအတွက် ရေးခဲ့ဟာမဟုတ်ပါဘူး။

mgyoe.com SAMPLE BOOK

လူတိုင်း လက်ခံချင်စဖွယ်ရှိတဲ့ အလွန့်အလွန်ရိုးရှင်းလွယ်ကူတဲ့ စီးပွားရေးဆိုင်ရာ အဖြေတွေကိုမှ ခင်ဗျားကကြိုက်တယ်ဆိုရင်လည်း ဒီစာအုပ်ကခင်ဗျားနှင့်မကိုက်ပါဘူး။ ကျွန်တော့်အဖြေတွေက အတော်လေး မာကြောခက်ထန်သယောင်ယောင် ရှိနေပါလိမ့်မယ်။ ဒါမှမဟုတ် လူများစုအတွက် အတော့်ကိုခက်ခဲနေမှာ ဖြစ်လို့ပါ။

ကျွန်တော့်အနေနှင့် ကိုယ့်ပိုက်ဆံကို နိုင်နိုင်နင်းနင်းထိန်းကျောင်းလိုသူတွေနှင့် ငွေအမြောက်အမြားကို ကိုယ်ပိုင်ငွေနှင့် ချုချင်တဲ့လူတွေအဖို့သာ ဒီစာအုပ်ကို ရေးခဲ့ခြင်းဖြစ်ပါတယ်။ စိတ်ဝင်းစားမှုရှိတယ်ဆိုရင်တော့ ဆက်ဖတ်ပါလို့ ပြောရုံပါပဲ။

## မချမ်းသာ
## နိုင်တဲ့နည်း

စာနယ်ဇင်းဆရာရဲ့ အကြံမျိုးဟာ သာမန်ငွေရင်းမြုပ်နှံသူတွေအဖို့ မစားရဝခမန်း ဧရာမအခွင့်ကောင်းကြီးဖြစ်ချင်ဖြစ်ပေမယ့် အနှစ်သာရကတော့ ချမ်းသာဖို့ အဝေးဆုံးနည်းပါပဲ။

401(K) ကို အကျိုးတူရန်ပုံငွေတွေနှင့် အငြိမ်းစားစီမံကိန်းတွေထဲ ငွေထည့်ဝင်တာက ဘတ်စ်ကားအိုကြီးစီးပြီး ခရီးသွားတာနှင့် မခြားပါဘူး။

အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမကျွမ်းကျင်ရင်တော့ ၁၀,၀၀၀ ထက်မကဆုံးရှုံးသွားနိုင်ပါတယ်။ ဒါဆိုရင်တော့ S&P 500 မှာ ထည့်ဝင်တာက ပိုပြီးကောင်းမှာပေါ့။

အိမ်ခြံမြေအောင်မြင်မှုမှာ မိမိအပေါ်မှာပဲ မူတည်ပြီး S&P ကတော့ ဆိုင်ရာကုမ္ပဏီတွေအပေါ် မူတည်ပါတယ်။

ပိုင်ဆိုင်မှု ၃ မျိုး (စီးပွားရေးလုပ်ငန်း, အိမ်ခြံမြေ, စာရွက်စာတမ်း) အနက်မှာ ကျွမ်းကျင်မှုအလိုအပ်ဆုံးက စီးပွားရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုနှင့် ကုမ္ပဏီလုပ်ငန်းတွေပဲ ဆိုပါတော့။ အဲဒီလုပ်ငန်းတွေမှာ ကျွမ်းကျင်ပြီးသားလူအဖို့တော့ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမှာလည်း အဆင်ပြေနိုင်သလို အတိုင်းထက်အလွန် အကျိုးအမြတ်တွေ ခံစားရရှိနိုင်မှာ မလွဲပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

# အတိုင်းထက်
# အလွန်များသော
# အကျိုးအမြတ်များ

ဒီစာအုပ်မှာ သူဌေးဖေဖေသင်ပေးခဲ့တဲ့ ငွေကိုအရှိန်မြှင့်တဲ့နည်းနိသယယတွေနှင့် မိတ်ဆက်ပေးထားပါတယ်။

အောင်မြင်တဲ့ရင်းနှီးမြှုပ်နှံသူတွေရဲ့ အကောင်းဆုံးလျှို့ဝှက်ချက်က ခွဲစိတ်ဖြန့်ဝေမြှုပ်နှံတာမဟုတ်ဘဲ ပေါင်းစည်းထည့်ဝင်တာဖြစ်ပါတယ်။

သူတို့ဟာ စောစောက ပိုင်ဆိုင်မှု ၂ မျိုး၊ သို့မဟုတ် ၃ မျိုးပေါင်းစပ်ပြီး အရှိန်တင်တာ, တွန်းအားသုံးတာ, ကာကွယ်ထိန်းသိမ်းတာမျိုးတွေ လုပ်ကြပါတယ်။

ဘီလ်ဂိတ် ကမ္ဘာ့အချမ်းသာဆုံးလူတစ်ယောက်ဖြစ်ရတာဟာ လုပ်ငန်းသုံးစွမ်းအားနှင့် စာချုပ်စာတမ်းသုံးစွမ်းအားတွေ ၂ ရပ် ပေါင်းခဲ့လို့ပါပဲ။

သူက စဉ်းတီထွင်လုပ်ငန်းရှင်များစွာရဲ့ စိတ်ကူးအိပ်မက်, စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ စိတ်ကူးအိပ်မက်, 'အစုရှယ်ယာ'လို့သိကြတဲ့ 'စတော့မားကက်'မှာ အများဆိုင်လုပ်ငန်းတစ်ခုကိုတည်ထောင်ဖို့စိတ်ကူးအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

တကယ်လို့သာ ဘီလ်ဂိတ်ဟာ သူ့ကုမ္ပဏီကို အများဆိုင်မလုပ်ခဲ့ရင် အထိုက်အလျောက်ချမ်းသာပေမယ့်၊ အချမ်းသာဆုံးလူတစ်ယောက်တော့ ဖြစ်မှာမဟုတ်ပါဘူး။

ဒါဟာ ပိုင်ဆိုင်မှု ၂ မျိုးကို ပေါင်းစပ်လုပ်ဆောင်မှုနှင့် အရှိန်မြှင့်ပြီး ကြွယ်ဝချမ်းသာမှုကိုတည်ဆောက်တဲ့ ပြယုဂ်ပါပဲ။

သူဟာ မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှာ ဝန်ထမ်းဆက်လုပ်ပြီး ရတဲ့လခလေးတွေကို အကျိုးတူစုငွေထဲထည့်ဝင်နေရင် ခုလို မီဂါဘီလျံနာကြီး ဘယ်ဖြစ်ပါတော့မလဲ။

ဒေါနယ်လ်ထရမ့်လ်ဆိုရင်လည်း အိမ်ခြံမြေလုပ်ငန်းရင်းနှီးမြှုပ်နှံမှုက အကြီးအကျယ် အမြတ်ထွက်ခဲ့ပါတယ်။ ပြီးတော့ ကမ္ဘာမှာ အကြီးဆုံးဖြစ်တဲ့ ဝါရင်းဘာတ်ဖက်ဟာ တခြားလုပ်ငန်းတွေမှာ ရင်းနှီးထည့်ဝင်တဲ့ကုမ္ပဏီတစ်ခု ပိုင်ဆိုင်မှုကြောင့် ကျိုကျိုတက်ချမ်းသာခဲ့ရတာပါ။

mgyoe.com SAMPLE BOOK

## လုပ်ငန်းကြီး
## နှင့် လုပ်ငန်းလေး

ကျွန်တော် ဆိုလိုတာက လုပ်ငန်းကြီးမှလုပ်ရမယ်, အိမ်ခြံမြေရောင်းဝယ်မှု လုပ်ရမယ်လို့ ပြောနေတာမဟုတ်ပါဘူး။

ဆိုလိုချက်က အသေးစားလုပ်ငန်းလေးတစ်ခု ပိုင်ဆိုင်ရင်းက အိမ်ခြံမြေမှာလည်း ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်တယ်။ ဒါဟာ အသက်မွေးဝမ်းကျောင်းအလုပ် ၂ ခု လုပ်သလိုပါပဲ။ တစ်ခုက ကိုယ့်အကြိုက် ကိုယ်ကျွမ်းကျင်ရာမို့ လူနှင့်ဆိုင်ပြီး တစ်ခုကတော့ ငွေကိုခိုင်းထားတာဖြစ်ပါတယ်။

ဥပမာ ကျွန်တော်ဟာ လူသိများတဲ့စာရေးဆရာတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒါက ကျွန်တော့်ရဲ့ဝါသနာအရလုပ်တဲ့ အသက်မွေးမှုပါ။ ငွေအတွက်တော့ အိမ်ခြံမြေလုပ်ငန်း လုပ်ပါတယ်။ ဒီနေရာမှာ ခွဲစိတ်ဖြန့်ဝေထားမှုထက် ပိုင်ဆိုင်မှု ၂ ခု,၃ ခုကို တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းထားတာကို အဓိကအချက်အနေနှင့် ထောက်ပြချင်ပါတယ်။

ခင်ဗျားဟာ အသေးစားလုပ်ငန်းပိုင်ရှင်ဖြစ်တဲ့တိုင်အောင် လုပ်ငန်းကြီးတစ်ခုက အောင်မြင်မှုအကျိုးအမြတ်တွေ ခံစားရယူခွင့် ရှိပါတယ်။

တကယ့်စီးပွားရေးလုပ်ငန်းကြီးတစ်ခုနှင့် ဘီလ်ဂိတ်ကို ကုဋေကြွယ်သူဌေးကြီးဖြစ်အောင်လုပ်ပေးခဲ့တဲ့ စတော့ဈေးကွက်အပါအဝင် အသေးစားလုပ်ငန်းလေး, အိမ်ခြံမြေလုပ်ငန်း, စာရွက်စာတမ်းပိုင်ဆိုင်မှုတွေက ၁၀ နှစ်မတိုင်ခင်အတွင်းတောင် ကုဋေချီချမ်းသာအောင် လုပ်ပေးနိုင်ပါလိမ့်မယ်။

အရေးကြီးတာက ပိုင်ဆိုင်မှုမတူတဲ့ သို့မဟုတ် ပိုင်ဆိုင်မှု ၂ မျိုးလောက်မှာ ကောင်းကောင်းရင်းနှီးမြှုပ်နှံတတ်ပြီလားလို့ ကိုယ့်ကိုယ်ကိုမေးဖို့ပဲ ရှိပါတယ်။

ပိုင်ပြီဆိုရင်တော့ စီးပွားရေးမျက်လှည့်ဟာ တကယ်ဖြစ်လာမှာ မုချပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## ပေါင်းစပ်မှု နှင့်စိတ်ခွဲမှုတွေရဲ့ တိုက်ပွဲ

သူဌေးဖေဖေက ကျွန်တော်နှင့်သူ့သားကို အတိုင်းအဆမသိမြင့်မားတဲ့ အကျိုးအမြတ်တွေဖြစ်ထွန်းရေး သင်ကြားပေးခဲ့ပါတယ်။ အဲဒါကတော့ တကယ်တတ်ကျွမ်းနားလည်တဲ့ငွေကြေးအကြံပေးပုဂ္ဂိုလ်တွေ လက်ကိုင်ထားပြီးတော့ ခနအင်အားကို ပေါင်းစပ်မှုနှင့် အရှိန်မြှင့်တင်လုပ်ဖို့ပါပဲ။ ခနအင်အားဆိုတာတွေကတော့–

၁။ စီးပွားရေးလုပ်ငန်းများ

၂။ အိမ်ခြံမြေ

၃။ စာချုပ်စာတမ်းပိုင်ဆိုင်မှု

၄။ ဘဏ်မှချေးငွေ

၅။ အခွန်ဥပဒေ

၆။ အသင်းအဖွဲ့ဥပဒေများပဲ ဖြစ်ပါတယ်။

ပေါင်းစပ်စွမ်းအားဆိုတာ စုပေါင်းပြီး အတူတကွလုပ်ဆောင်တာပဲ ဖြစ်ပါတယ်။ စိတ်ခွဲတဲ့အစိပ္ပာယ်ကတော့ တခြားစီခွဲပြီး သတ်သတ်စီလုပ်ဆောင်တာပါ။

လူတစ်ယောက်အနေနှင့် ဒီအင်အား ၆ ခုကို ပေါင်းစပ်ပြီး အရှိန်မြှင့်လုပ်ဆောင်နိုင်မယ်ဆိုရင် မပြောပလောက်တဲ့ငွေအနည်းငယ်နှင့် စပြီး အဆမတန်မြင့်မားတဲ့ အကျိုးအမြတ်တွေရရှိမှာ သေချာပါတယ်။ အများနှင့်မတူ ထူးခြားတဲ့လုပ်ငန်းတစ်ခုကို ဒီအင်အား ၆ ရပ် ပေါင်းစပ်လုပ်လိုက်ရင် ဉ်ဖွဆိုပြီး မျက်လှည့်ပြလိုက်သလို ငွေတွေဝင်လာမယ်။ တစ်နည်း စီးပွားရေးဆိုင်ရာပေါင်းစပ်စွမ်းအားတွေ ဖြစ်ပေါ်လာမယ်ဆိုပါတော့။

ပေါင်းစပ်စွမ်းအားဆိုတာကို တစ်ခါတစ်ရံမှာ 'တစ်ခုလုံးဟာ စုပေါင်းထားတဲ့အစိတ်အပိုင်းတွေထက် ပိုကြီးမားတယ်'လို့ အဓိပ္ပာယ်ဖွင့်ဆိုကြလေရဲ့။

အလွယ်ဆုံး အရှင်းဆုံးပြောရရင် ၁+၁=၄ ဆိုရာမှာ ပေါင်းလဒ်ဖြစ်တဲ့ '၄'ဟာ တခြားအစိတ်အပိုင်းတွေဖြစ်တဲ့ ၁+၁ ထက် များပြားကြီးမားတဲ့သဘောပါပဲ။

ပေါင်းစပ်စွမ်းအားရဲ့ နောက်ဥပမာတစ်ခုကတော့ ဖရုံစေ့တစ်စေ့နှင့် မြေဆွေးတစ်ခွက်ပါပဲ။ ဖရုံစေ့ကို မြေဆွေးထဲမှာပျိုးပြီး နောက်မြေဆွေးတွေ ထပ်ဖို့ပေးရုံနှင့် အပင်ပေါက်လာမှာ မဟုတ်ပါဘူး။ နေရောင်ခြည်နှင့်ခံပြီး ရေကို မှန်မှန်လောင်းပေးပါမှ

အသီးပွင့်လာမှာဖြစ်ပါတယ်။ အဲဒီဖရုံစေ့သီးလာတာဟာ မြေဆွေး၊ နေ၊ ရေတို့ရဲ့ ပေါင်းစပ်စွမ်းအင်ရဲ့ အကျိုးပါပဲ။

mgype.com SAMPLE BOOK

ငွေနှင့်ပတ်သက်ရင်လည်း ဒီအတိုင်းဘဲဖြစ်ပါတယ်။

ပစ္စည်းအမျိုးအစားနှင့် လုပ်ကွက်မှန်ရင် ငွေဟာ မျက်လှည့်ပြလိုက်သလို ပွားများလာနိုင်ပါတယ်။

ဒီငွေတွေ မြေကြီးထဲမြှုပ်ထားလို့ကတော့ မှိုတက်သွားမှာပဲဖြစ်ပြီး ဥဖွငွေလည်း ဘယ်နည်းနှင့်မှ ပေါ်လာမှာမဟုတ်တော့ပါဘူး။

ဒီလိုလုပ်နိုင်တာက "လူ" ပေါ်မှာ အဓိကမူတည်ပြီး၊ သာမန်ရင်းနှီးမြှုပ်နှံသူမျိုး ကတော့ ကြံတောင်ကြံမိမှာမဟုတ်ပါဘူး။

ဒီစာအုပ်ဟာ ကိုယ့်ငွေကို သူစိမ်းတရံစာတွေလက်ထဲအပ်ပြီး အချိန်တန်ရင် ပွားလာပါစေလို့ ထိုင်ဆုတောင်းမနေချင်သူတွေအတွက်ပါ။

ဒီစာအုပ်က ကိုယ်ပိုင်ငွေနှင့် ကိုယ့်ခြေ၊ ကိုယ့်လက်၊ ကိုယ့်စိတ်ကူးနှင့် ဆေလိုရာစေပြီး သာမန်ထက် အမြတ်ထုတ်ချင်သူတွေအတွက် ရည်ရွယ်ထားတာပါ။

ဒီစာအုပ်က စွန့်စားမှုနည်းနည်း၊ အချိန်တိုတို၊ ငွေရင်းတချို့စိုက်ရုံနှင့် သာမန်ထက် အမြတ်ပိုရနိုင်တဲ့အကြောင်း လမ်းညွှန်ထားတာသာဖြစ်ပါသည်။

အကျိုးတူစုဆောင်းငွေထဲမှာ ဒေါ်လာ ၁၀,၀၀၀ ထည့်ရုံနှင့် ဒေါ်လာ ၁၀ သန်း ပြန်ရမှာမဟုတ်ပါဘူး။

## အမေရိကန်တွေရဲ့ နံပါတ်တစ် အကြောက်တရား

ဆွေးနွေးပွဲတစ်ခုမှာ အမျိုးသမီးငယ်တစ်ယောက်က ထ၊ မေးပါတယ်။

"အဆမတန်ပြန်ရငွေတွေဟာ ဘာကြောင့် ဒီလောက်အရေးကြီးရတာလဲ"

"တဖြည်းဖြည်းချမ်းသာတာကော မကောင်းဘူးလား"

"ဘာဖြစ်လို့များ ငွေကို အဓိကအရေးထားနေကြရတာပါလိမ့်။ ပျော်ရွှင်မှုက ငွေထက် ပိုအရေးမကြီးလား"

ငွေအကြောင်း၊ ချမ်းသာဖို့အကြောင်းပြောတိုင်း ပရိသတ်ထဲကတစ်ယောက်က ထထပြီး "ငွေဟာအရေးမကြီးပါဘူး" လို့ပြောတာကို "အဖြစ်တော်တော်ဆိုးတာပဲ" လို့ ကျွန်တော် မှတ်ချက်ချလေ့ရှိပါတယ်။

mgype.com

ခုတစ်ခါမှာတော့ ကျွန်တော်က ကြိုတင်ပြင်ဆင်မှုလုပ်ထားခဲ့ရာက ပြုံးလိုက်ပါတယ်။ ပြီး ဒီနေ့ USA သတင်းစာထဲက ဆောင်းပါးတစ်ပုဒ်ကို ထုတ်ပေးလိုက်တာပါပဲ။

mgyoe.com SAMPLE BOOK

သတင်းစာကလေ့လာဆန်းစစ်ပြီး 'အမေရိကန်တွေရဲ့ နံပါတ်တစ်အကြောက်တရားဟာ ငွေပြတ်သွားမှာပဲ'ဆိုတာကို တွေ့ရှိခဲ့ပါသတဲ့။

သူတို့ရဲ့ နံပါတ်တစ်အကြောက်တရားဟာ ကင်ဆာ, ရာဇဝတ်မှု, ချူကလီးယားစစ်ပွဲတွေ မဟုတ်ပါဘူးတဲ့။ သူတို့ အိုမင်းမစွမ်းရှိချိန်မှာ ငွေပြတ်လပ်သွားမှာကိုပါတဲ့။

ဒီအကြောက်တရားအသစ်က ငွေမရှိဘဲ တစ်သက်လုံး ဆင်းဆင်းရဲရဲ နေသွားရမှာကိုပဲ ဖြစ်ပါသတဲ့။

လူများစုက လူမှုဖူလုံရေးနှင့် ကျန်းမာရေးစီမံကိန်းတွေဟာ သူတို့အသက်ကြီးအိုမင်းချိန်မှာ စောင့်ရှောက်မှုမပေးနိုင်တော့ဘူးဆိုတာ နားလည်ခဲ့ကြပါတယ်တဲ့။

အမျိုးသမီးကို ပရိသတ်ဘက် ဆောင်းပါးဖတ်ခိုင်းပြလိုက်ပြီး ကျွန်တော်က ကတ်ပြားတစ်ချပ်ပေါ်မှာ 'ငွေကစားပွဲ'လို့ ရေးချလိုက်တယ်။ အောက်ကမှ ခုလို ဆက်ရေးတာပါပဲ။

<u>ငွေကစားပွဲ</u>

| အသက် | | ကစားချိန် |
|---|---|---|
| ၂၅ မှ ၃၅ | | ပထမပိုင်း |
| ၃၅ မှ ၄၅ | | ဒုတိယပိုင်း |
| | အားလပ်ချိန် | |
| ၄၅ မှ ၅၅ | | တတိယပိုင်း |
| ၅၅ မှ ၆၅ | | စတုတ္ထပိုင်း |

အချိန်ပို
(ကစားချိန်ကုန်)

mgyoe.com

အကျိုးတူစုဆောင်းငွေထဲမှာ ၁၀,၀၀၀ ရင်းရုံနှင့် ၁၀ သန်းပြန်ရပါ့မလား။

အမျိုးသမီးက ဆောင်းပါးဖတ်ပြီးတဲ့နောက် ကျွန်တော်က မေးလိုက်ပါတယ်။

m-gyobook.com SAMPLE BOOK

"ဒီတော့ ၂၀၁၀ ခုနှစ်ကျရင် အမေရိကန် ၇၈ သန်းဟာ ၆၅ နှစ်နှင့်အထက် အိုကုန်ကြမယ်ဆိုတာ သိပြီမဟုတ်လား။ အဲဒီထဲက ၃ ပုံ ၁ ပုံမှာ အငြိမ်းစားစိမံကိန်းတွေ မရှိကြဘူးလေ"

"ကျွန်မဖတ်ပြီးပါပြီ။ ဒါပေမယ့် ဘာကြောင့် ဒါကို ကစားပြိုင်ပွဲလို့ ခေါ်တာလဲ"

"ကစားပွဲတစ်ခုဟာ အချိန်ပိုင်းတွေခွဲပြီး ကစားလေ့ရှိကြတာပဲ။ ကြေးစားဘောလုံးပွဲ(ရပ်ဘီ)တစ်ခုဆိုရင် ၁၅ မိနစ်စီ ခွဲကစားကြတယ်။ လူအတော်များများအဖို့တော့ ၂၅ နှစ်ဝန်းကျင်မှာ ကျောင်းကထွက်ပြီး ၆၅ နှစ်မှာ အငြိမ်းစားယူကြတာပဲ။ ဒီတော့ ငွေအတွက်ကြိုးပမ်းကြရတာ အနှစ် ၄၀ ပဲ ကြာတယ်။ ဒါကို ၄ ပိုင်းခွဲလိုက်တော့ တစ်ချိန်ကို ၁၀ နှစ် ဖြစ်သွားတာပေါ့။ ဒီ အနှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့ဟာ အငြိမ်းစားယူချိန်ကိုမှန်းပြီး စုကြဆောင်းကြရတာပဲလေ။ ကျွန်တော်ကတော့ အသက် ၄၇ နှစ်အရွယ် ဒုတိယပိုင်းအဆုံးမှာ ကစားပွဲကထွက်နိုင်တယ်။ ကျွန်တော့်ဇနီး ကင်မ်ဆိုရင် ပထမပိုင်းအပြီး ၃၇ နှစ်လောက်မှာတင် နားနိုင်ခဲ့တယ်။ ဒါဆိုရင် ခင်ဗျားသဘောပေါက်လောက်ပါပြီ"

"ဒီလိုဆို ဆောင်းပါးထဲမှာပါတဲ့လူတွေဟာ ၆၅ နှစ်ကျော်တဲ့အထိ ငွေကြေးရှု မပြည့်စုံသေးဘဲနှင့် အိုဇာတိုင်အချိန်ပို ဆက်လုပ်နေကြရတယ်ဆိုပါတော့"

"မှန်တယ်။ ကျန်းမာရေးကောင်းတယ်ဆိုရင်တော့ သူတို့ ဆက်လုပ်နိုင်မှာပဲ။ ဒါ့အပြင် မလုပ်မနေရလုပ်ရတာနှင့် လုပ်ချင်လို့လုပ်တာဆိုပြီး ကွာခြားမှုရှိသေးတယ်"

"ကစားချိန်ကုန်ပြီဆိုတာကကော အသက်တော့ရှင်နေပါလျက် ရှေ့ဆက်မလုပ်နိုင်တော့ဘူးဆိုတဲ့အဓိပ္ပာယ်လား"

"မှန်တယ်။ ဒါ့ထက် မင်းအသက်ကိုမပြောဘဲနှင့် ငွေကစားပွဲမှာ မင်းဘယ်အချိန်ပိုင်းမှာရှိတယ်ဆိုတာနှင့် ကစားနေဆဲလား, အနိုင်ရခဲ့ပြီလားဆိုတာတွေပြောလို့ဖြစ်မလား"

"အသက်ပြောရတာပဲ။ အပန်းမကြီးပါဘူး။ ကျွန်မ ၃၂ နှစ် ရှိပါပြီ။ ငွေကစားပွဲရဲ့ ပထမပိုင်းထဲမှာ ရောက်နေတယ်ဆိုပါတော့။ အဲ၊ ကစားပွဲနိုင်ဖို့တော့ မနီးစပ်သေးပါဘူး။ ကျောင်းစရိတ်တွေ, အိမ်ဖိုးတွေ, ကားဖိုးတွေ, အခွန်အခတွေ, နေ့စဉ်စားဝတ်နေရေးစရိတ်တွေထောင်းပြီး ကြွေးထဲနစ်နေရတာပါ"

m-gyobook.com

mgyoe.com ကျွန်တော်က သူ့ စကားကို တစ်ခန်းလုံးစဉ်းစားမိအောင် အချိန်ပေးစောင့်ဆိုင်း လိုက်ပြီးမှ–

"ခင်ဗျားရဲ့ ရိုးသားမှုကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားအပြောအရ စတော့ထွပိုင်း စတဲ့အချိန်မှာ ၅၅ နှစ်ရှိနေပြီး စတော့ဈေးကွက်မှာ ငွေအမြောက်အမြားရှုံးမယ်ဆိုရင် နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်မှာလား, ဈေးကွက်ကျတဲ့ဒဏ် ခံနိုင်မလား။ ၁ နှစ်ကို ၁၀ ရာခိုင်နှုန်းအောက် လျော့ရတာကိုစောင့်ရင်း အလုပ်ဆက်လုပ်နေမှာလား"

"မလုပ်နိုင်ပါဘူး"

"ဒါဆိုရင် ငွေကြေးအလုံအလောက်ပြည့်စုံဖို့ အရေးကြီးတယ်ဆိုတာ နားလည် နိုင်ပါပြီ။ စီးပွားရေးအသိအမြင်တွေ တိုးတက်အောင်ကြိုးစားပြီး အချိန်တိုတို အရင်းနည်း နည်းနှင့် အမြတ်များများရအောင်လုပ်ဖို့ မလိုအပ်ပေဘူးလား"

အမျိုးသမီးက ခေါင်းညိတ်ပါတယ်။

"ဒီတော့ ခင်ဗျားရဲ့အနာဂတ်စီးပွားရေးမှာ စတော့ဈေးကွက်ကိုပဲ အားကိုး တော့မလား။ ဘယ်ဟာဖြင့် ဈေးတက်နေပြီး ဘယ်ဟာတွေ ငြိမ်နေတယ်ဆိုတဲ့ ရမ်းသမ်း မှန်းဆပြောနေတဲ့ မျက်နှာစိမ်းတွေရဲ့လက်ထဲ ခင်ဗျားငွေတွေ ပုံအပ်မလား။ အသက်ကြီး တဲ့အထိ တကုပ်ကုပ်လုပ်ရင်းက အခွန်တွေပိုဆောင်ရတဲ့ဘဝမှာ နေချင်သလား"

"ဟင့်အင်း။ ဘယ်နေချင်ပါ့မလဲ"

"ဒီတော့ ခင်ဗျားရဲ့ငွေတွေက များများမြန်မြန်ပြန်ရဖို့လိုတာ ရှင်းနေပါပြီ။ ဘာကြောင့် အိုမင်းရွတ်တွချိန်မှာ ပိုက်ဆံပြတ်မှာကို အမေရိကန်တွေကြောက်နေကြ သလဲဆိုတာ နားလည်လောက်ပါပြီ"

"ဟုတ်ပါတယ်။ ကျွန်မအဖေနှင့်အမေတောင် ရှေ့လာမယ့်နှစ်တွေမှာ ကျွန်မနှင့်လာပေါင်းနေရမှာ ကြောက်နေပါတယ်။ ကျွန်မလည်း သူတို့လိုပဲ ကြောက်နေ ရတာပါပဲ။ သူတို့ကို ကျွန်မ လှိုက်လှိုက်လှဲလှဲချစ်ပြီး တစ်ဦးတည်းသောသမီးပါ။ ဒါပေမယ့် ကျွန်မမှာ ယောကျာ်းနှင့် ကလေး ၃ ယောက် ရှိပါတယ်။ ကျွန်မတို့ကိုယ်မှ ကျွန်မတို့အနိုင်နိုင်ဆိုတော့ မတွေးရဲလောက်အောင်ပါပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

**သားကောင်**
**အဖြစ်**
**မခံနှင့်**

တစ်ခန်းလုံး ငြိမ်တိတ်နေကြတယ်။

လူအများစုဟာ ခုလိုပဲ စီးပွားရေးစိန်ခေါ်မှုတွေနှင့်ရင်ဆိုင်နေရတာ အတပ်ပြောနိုင်ပါရဲ့။

ကျွန်တော်က လေငအေးလေးနှင့်ပြောလိုက်ပါတယ်။

"ဒေါ်လာ ၁၀ သန်းဆိုတာ သိပ်အရေးကြီးတယ်လို့ ပြောချင်တာမဟုတ်ပါဘူး။ ကိုယ့်စီးပွားရေးငွေကြေးအနာဂတ်ကို ပိုင်စိုးထိန်းချုပ်နိုင်ဖို့သာ ပြောနေတာပါ။ ကိုယ့်ပိုက်ဆံနှင့် တခြားလူကို ကစားခိုင်းတာမဟုတ်ဘဲ ကိုယ်တိုင်ဝင်ကစားတတ်အောင် သင်ဖို့ ဆိုလိုပါတယ်။ အမြန်ဆုံးချမ်းသာရေးအကြောင်းလည်း မပြောပါဘူး။ ဒါပေမယ့် ဆန္ဒရှိရင်တော့ ဖြစ်ပါတယ်။ စင်စစ်တော့ ချမ်းသာသူတွေ ပိုချမ်းသာတာ ဘာကြောင့်ဆိုတာနားလည်ဖို့နှင့် ငွေကစားပွဲမှာ သားကောင်မဖြစ်ဖို့ ဘာတွေလိုတယ်ဆိုတာ အသိပေးတာပါ။ ဒီကစားပွဲကိုသဘောပေါက်ရင် ကိုယ့်ငွေကြေးနှင့် အနာဂတ်စီးပွားရေးကို ပိုပြီးနိုင်နင်းအောင် ကိုင်တွယ်ပေါ့ဆောင်နိုင်မှာတော့ မလွဲပါဘူး"

**သိပ်**
**နောက်မကျ**
**သေးပါဘူး**

"ကျွန်မ အဲဒီကစားပွဲ နိုင်နိုင်ပါ့မလား"

"သိပ်နိုင်နိုင်တာပေါ့။ ခင်ဗျားရဲ့သဘောထားအမြင် ပြောင်းလဲပစ်လိုက်တာနှင့် စ,လိုက်ပါ။ ဒီနောက် ၁၀ နှစ်စီမံကိန်းရေးပါ။ ကျွန်တော် ထပ်ပြောမယ်။ ဒါက အမြန်ချမ်းသာဖို့ မဟုတ်ဘူးနော်။ ကစားပွဲကို သင်ယူဖို့နှင့် ကစားဖို့ပဲ။ ကစားပွဲကို နားလည်လိုက်တာနှင့် ပျော်စရာကောင်းလာပါလိမ့်မယ်။ နှစ်တွေကြာလာတဲ့အခါကျတော့ 'စောစောက ဒါကို ငါ ဘာကြောင့်မလုပ်မိပါလိမ့်။ ဒါ ပျော်စရာကောင်းတဲ့ကစားပွဲပဲ'လို့တောင် ပြောမိမှာသေချာတယ်"

"တကယ်လို့ ကျွန်မက စိတ်ထားမပြောင်းရင်ကော နိုင်ခွင့်ရှိပါ့မလား"

mgyoe.com SAMPLE BOOK

"အင်း။ ကျွန်တော့်မှာ ဓာတ်ဖန်လုံးမရှိပေမယ့် ကလေး ၃ ယောက်၊ မိအိုဖအို တွေနှင့် ခင်ဗျားယောက်ျားရဲ့စီးပွားရေးလိုအပ်ချက်တွေပါ ထည့်ပေါင်းလိုက်မယ်ဆိုရင် ကစားပွဲက ခင်ဗျားကိုနိုင်နေပြီ။ ဒါပေမယ့် ခင်ဗျားဘက်က ပြန်စ,ဖို့ အချိန်ဘယ်တော့မှ မနှောင်းသေးပါဘူး။ စောစောစ,နိုင်လေ ကောင်းလေပါပဲ။ အထူးသဖြင့် ခင်ဗျားငွေတွေနှင့် ခွန်အားတွေကုန်တဲ့အထိ စောင့်မနေပါနှင့်။ ဒါမှမဟုတ် ပင်ပင်ပန်းပန်းရှာထားတဲ့ငွေတွေကို အကြံပေးတွေရဲ့အကြံဆိုးတွေအတိုင်း ထင်သလိုဖြစ်မလာတဲ့ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုတွေထဲ မထည့်မိစေနဲ့ပေါ့။ တစ်နည်းဆိုရင် ရိုးရိုးကုပ်ကုပ်လုပ်နေရင် ငွေပြဿနာပြေလည်သွားမှာပဲဆိုပြီး ရိုးမြေကျတဲ့အထိ ဆက်လုပ်နေမယ့်အစားပေါ့။ သန်းပေါင်းများစွာသောလူတွေ အိပ်ရာကလန့်နိုးတဲ့တစ်နေ့ကျမှ 'ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ'လို့ ကယောင်ကတမ်း မအော်မိပါစေနှင့်လို့ ကျေးဇူးပြုပြီးပန်ကြားလိုက်ပါရစေ"

ဒီလိုနှင့် အမျိုးသမီးလည်း သူ့နေရာသူ စိတ်အေးလက်အေးနှင့် ပြန်ထိုင်ချလိုက်ပါတော့တယ်။

သူ့မှာ စဉ်းစားစရာတွေ အများကြီးရသွားပြီလို့ ကျွန်တော် သိလိုက်ပါတယ်။

သူ့အခွင့်အရေးကို သူအရယူပြီး ဟန်ကျသွားတော့မှာပဲလို့ ကျွန်တော် မျှော်လင့်ပါတယ်။

ဒါဟာ ဒီစာအုပ်အကြောင်းပါပဲ။ ဒီစာအုပ်က ငွေကစားပွဲနှင့် တခြားလူလက်ထဲအပ်မယ့်အစား ကိုယ့်လက်ကိုယ့်ခြေနှင့် ကိုယ့်စိတ်ကြိုက်ကစားနိုင်ဖို့ပါ။ ဒါမှလည်း အနာဂတ်လှပမှာပါ။

ကျွန်တော့်သူဌေးဖေဖေပြောတဲ့စကားနှင့် ဆိုရင်တော့-

"မင်းငွေကို မင်းထိန်းချုပ်မှုရထားတာဟာ မင်းဘ၀ကို မင်း ထိန်းချုပ်မှုရထားတာပဲ။ မင်းငွေတွေက မင်းအတွက် အလုပ်လုပ်မပေးခင်တော့ မျက်နှာစိမ်းတွေလက်ထဲအပ်လိုက်ပြီး မျက်နှာစိမ်းတွေကို လုပ်ခိုင်းလိုက်ပါ"တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

# ရှုရှန်ရဲ့မှတ်ချက်

ရောဘတ်ဟာ သူ့စာအုပ်ရဲ့အခန်းစဉ်အဆုံးသတ်တိုင်းမှာ မှတ်ချက်ရေးပေးဖို့ ပြောခဲ့ပါတယ်။ ကျွန်မရဲ့စာရင်းကိုင်တစ်ယောက်အမြင်နှင့် စီးပွားရေးသမားတစ်ယောက်ရဲ့အမြင် ၂ ခုစလုံး ပါစေချင်တယ်ပေါ့လေ။

ကျွန်မနှင့် ခင်ပွန်းသည်မိုက်ကယ်တို့ဟာ ကျောင်းတက်, ဘွဲ့ယူ, အလုပ်ဝင် ဆိုတဲ့ သမားရိုးကျလမ်းစဉ်နှင့်စခဲ့ပြီး အောင်မြင်တဲ့အသက်မွေးဘဝကို ဝင်လုပ်ခဲ့မိကြတာပါ။

ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကအခြေအနေအရ ဒီနေ့လိုမလွယ်ကူတော့ အတော်လေးခက်ခက်ခဲခဲ ရုန်းကန်ကြိုးပမ်းခဲ့ကြရပါတယ်။

ဒီနေ့လူသားတွေအနေနှင့်တော့ သတင်းနှင့်နည်းပညာခေတ်ကြီးနှင့်တွေ့ပြီး အခွင့်ကောင်းတွေရလာတယ် ဆိုရမှာပါပဲ။

'ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ' စာအုပ်ဟာ စဉ်းစားစရာရင်းနှီးမြှုပ်နှံမှုဗျူဟာတွေကို တစ်ခုမဟုတ်တစ်ခု လမ်းညွှန်ပေးနေတာဖြစ်ပါတယ်။

ကျွန်မရဲ့မှတ်ချက်က ရောဘတ်ရဲ့တင်ပြမှုတွေကို ပိုပီပြင်အောင် အရောင်တင်ပေးတာ, ထပ်မံဖြည့်စွက်တာတွေ ဖြစ်ပါလိမ့်မယ်။

**ဒီစာအုပ်မှာ ၂ ပိုင်း ခွဲထားတယ်**

အပိုင်း ၁ က အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ်တွေရဲ့ပေါင်းစပ်စွမ်းအားနှင့် မတူခြားနားတဲ့အမြင်တွေကို တင်ပြထားတာဖြစ်ပါတယ်။

အကြံပေးပုဂ္ဂိုလ်တွေရဲ့ပေါင်းစပ်မှုစွမ်းအားအရေးကြီးတာက ခင်ဗျားရဲ့စိတ်ဓာတ်ဟာ ခင်ဗျားရဲ့အကြီးမားဆုံးပိုင်ဆိုင်မှု ဖြစ်နေလို့ပါပဲ။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးအကြံဉာဏ်တွေကို သွတ်သွင်းရယူခြင်း, ပေါင်းစပ်အသုံးချခြင်းဖြင့် စိတ်ဓာတ်စွမ်းအားတွေ ပိုကြီးမားလာပါတယ်။ ကျွန်မတို့ကျောင်းကထွက်ကတည်းက ကိုယ့်စိတ်ကိုယ့်သဘောချည်း လုပ်ခဲ့ပါတယ်။ ဒီစာအုပ်မှာ ကျွမ်းကျင်သူတွေတစ်ဖွဲ့ကြီးက စာဖတ်သူကို တန်ဖိုးရှိတဲ့ကူညီမှုတွေပေးတာ တွေ့ရမှာပါ။

mgyoe.com

လူများစွာ ငွေတွေရှုံးရတာ, အတိုင်းဆလွန်ငွေတွေကို လက်လွှတ်ရတာဟာ စီးပွားရေးကျောင်းတွေ, အရောင်းသမားတွေရဲ့စကားကို နားယောင်မိလို့သာဖြစ်တယ်။ အောင်မြင်ပြီးသားရင်းနှီးမြှုပ်နှံသူတွေရဲ့စကားကို နားထောင်မိလို့မဟုတ်ပါဘူး။

mgyoe.com SAMPLE BOOK

ရှင်ပိုင်ဆိုင်သမျှထဲမှာ ရှင့်စိတ်က အကြီးကျယ်ဆုံးဖြစ်တာနှင့်အမျှ အကောင်းဆုံးဖြစ်နိုင်တဲ့အကြံတွေ လိုအပ်ပါတယ်။

အပိုင်း၂ ကတော့ အမျိုးမျိုးသော ပိုင်ဆိုင်မှုတွေနှင့် စီးပွားရေးအင်အားစုတွေရဲ့ ပေါင်းစပ်မှုတွေပဲ ဖြစ်ပါတယ်။

အဲဒီအပိုင်းမှာ စီးပွားရေးလုပ်ငန်း, အိမ်ခြံမြေ, စာချုပ်စာတမ်း, အခွန်အကောက်, ဘဏ်ချေးငွေ, စုပေါင်းအဆောက်အအုံ အဖွဲ့အစည်းတွေရဲ့စွမ်းအားနှင့် မြင့်မားတဲ့ပြန်ရငွေတွေကို အရင်းနည်းနည်း စွန့်စားမှုသိပ်မပါဘဲဖန်တီးနိုင်ဖို့ တင်ပြထားပါတယ်။

ခုလောလောဆယ် ငွေဝင်လမ်း ၄ မျိုးအနက်က ဘယ်ဘက်အခြမ်းမှာ ပုံသေအရင်းစိုက်ထုတ်ရသူတွေနှင့် ညာဘက်ခြမ်းက ရင်းနှီးမြှုပ်နှံသူတွေ, လုပ်ငန်းရှင်ကြီးတွေရဲ့ မတူခြားနားပုံကို ကွက်ကွက်ကွင်းကွင်းပေါ်လွင်အောင် ဇယားချပြထားလိုက်ပါတယ်။

ဘယ်ဘက်ခြမ်းကလူတွေက သူတို့ငွေတွေကို 'စု'ဖို့သာ အားထုတ်ကြပြီး ညာဘက်ခြမ်းကလူတွေကတော့ ငွေတွေ အဆက်မပြတ်ပွားအောင် အရှိန်မြှင့်နိုင်ကြပုံတွေကို ယှဉ်ပြထားတာပါ။ ဒီဇယားကိုကျက်ပြီး စာအုပ်ကိုဖတ်ရင် ပိုအဆင်ပြေပါလိမ့်မယ်။

ဒီဇယားကိုရောက်ရင် စာအုပ်လည်း ဆုံးခါနီးသွားပါပြီ။

ဒီဇယားဟာ ကျွန်မနှင့်ရောဘတ်တို့ပိုကျွမ်းတဲ့ ကိုယ်ပိုင်းရင်းနှီးမြှုပ်နှံမှုနည်းလမ်းတွေပါပဲ။

စင်စစ်မှာတော့ သူဌေးဖေဖေက ရောဘတ်ကိုသင်ပေးခဲ့တာဖြစ်ပြီး ဒီနေ့ထိ ရောဘတ် ဆက်သုံးနေတဲ့ဖော်မြူလာလို့လည်း ဆိုရမှာပါပဲ။

ဒီနည်းလမ်းတွေနှင့် ပို့ဆောင်ရေးယာဉ်တွေကို သူဌေးဖေဖေ, ရောဘတ်နှင့် တခြားရင်းနှီးမြှုပ်နှံမှုကျွမ်းကျင်သူတွေက စိတ်ဖြာလေ့လာပြီး ဆွေးနွေးခဲ့ကြတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဘာကြောင့် ချမ်းသာပြီးရင်းချမ်းသာခဲ့ကြရတာလဲ

| E.S<br>လုပ်ခ/လခစား/<br>အသေးစားလုပ်ငန်းရှင်<br>တစ်ပိုင်တစ်နိုင် | B.I<br>လုပ်ငန်းရှင်ကြီး/ ရင်းနှီးမြှုပ်နှံသူ | |
|---|---|---|
| <u>အလုပ်</u> | ပိုင်ဆိုင်မှု | အရှိန်မြှင့်မှု |
| | <u>လုပ်ငန်းများ</u> | တခြားလူရဲ့ငွေ (OPM)<br>လက်ဝယ်ရှိ ရွေးချယ်မှု<br>တခြားလူရဲ့အချိန် (OPT)<br>အခွန်ဥပဒေ<br>အလှူငွေ |
| စုငွေ<br>အကြွေးအကြေဆပ်<br>ကိုယ်ပိုင်အိမ်ရာ<br>အကျိုးတူစုဆောင်းငွေ<br>အချိုးကျခံစားခွင့်များ | <u>အိမ်ခြံမြေ</u> | တခြားလူရဲ့ငွေ ၁း၉ ဒေါ်လာ<br>လက်ဝယ်ရှိရွေးချယ်မှု<br>အခွန်ဥပဒေသ<br>* တန်ဖိုးကျမှု<br>* တစ်ဆင့်ခံအရှုံး |
| 401(k), IRAs,SEPs | <u>စာရွက်စာတမ်း</u> | အခွန်တော်လွတ်ကင်းမှု<br>ကြိုးကိုးထားငွေများ<br>ရွေးချယ်ပိုင်ခွင့်များ<br>ပီပီအမ်များ<br>အိုင်ပီအိုများ |

အမျိုးမျိုးသောပိုင်ဆိုင်မှု အတန်းအစားတွေနှင့် သူတို့ရဲ့အရှိန်မြှင့်စက်တွေ ဆက်နွှယ်မှုကို ပိုမိုနားလည်ခြင်းအားဖြင့် ရှင်နှင့်ရှင့်မိသားစုမှာ စီးပွားရေးလွတ်လပ်မှု ရှိတဲ့အနာဂတ်တစ်ခုကို ဖန်တီးပေးမယ့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်ကို တွေ့ရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း - ၁

# ကျွန်တော် ဘာရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမလဲ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းအနေနှင့်–
ရင်းနှီးမြှုပ်နှံမှုပညာကို
ပိုတတ်ကျွမ်းလာတာနှင့်အမျှ
ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့
အကြံအစည်တွေ ပိုရလာလိမ့်မယ်။
Rich Dad

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ။၂။

**မင်း ရင်းနှီးမြှုပ်နှံသူကောင်းတစ်ယောက်ဖြစ်ချင်ရင် ပထမဆုံးလုပ်ဖို့လိုတာက အရောင်းဌာနတစ်ခုနှင့် သင့်လျော်တဲ့ရင်းနှီးမြှုပ်နှံမှုအကြံတစ်ခုရဲ့ ခြားနားချက်ကို နားလည်အောင်သင်ထားဖို့ပဲ ဖြစ်တယ်။**

**Rich Dad**

"ကျွန်တော့်မှာ ဒေါ်လာ ၁၀,၀၀၀ ရှိပါတယ်။ ဘာလုပ်ငန်းမှာ ထည့်ဝင်ရင်းနှီးရမှာလဲ"

လူတိုင်း ကျွန်တော့်ကိုမေးခဲ့ကြတာ နှစ်ပေါင်းများစွာ ရှိပါပြီ။ အရင်ကတော့ ဘာပြန်ဖြေရမှန်း မသိခဲ့ပါဘူး။ ခုတော့ ပြန်ဖြေနိုင်ပါပြီ။

ကျွန်တော်တို့ဟာ ဘဝလမ်းကြောင်း, အိပ်မက်စိတ်ကူးချင်း တစ်ယောက်နှင့် တစ်ယောက် မတူကြပါဘူး။ စိတ်ခံစားမှုတွေကွာခြားသလို စီးပွားရေးကျောထောက်နောက်ခံတွေနှင့် စီးပွားရေးအရ စွန့်စားမှုတွေလည်း ခြားနားကြပါတယ်။

တစ်နည်းပြောရင် ကျွန်တော် ဒေါ်လာ ၁၀,၀၀၀ ကို ဘာလုပ်မယ်ဆိုတာ ခင်ဗျားနှင့် အကြံတူမှာမဟုတ်ပါဘူး။ ရှင်းရှင်းပြောရင် ကျွန်တော်ကိုယ်တိုင် လွန်ခဲ့တဲ့ ၁၀၊နှစ်က ဒေါ်လာ ၁၀,၀၀၀ ကိုအသုံးချတာဟာ ဒီနေ့လက်ရှိအသုံးချပုံမျိုးနှင့် မတူတာ သေချာပါတယ်။ အိုင်းစတိုင်းစကားအရဆိုရင်တော့ 'အားလုံးဟာ ဆက်စပ်နှီးနွှယ်နေပါတယ်'လို့။

ဒီနေ့ ကျွန်တော့်အဖြေကတော့–

"ခင်ဗျားပိုက်ဆံ ၁၀,၀၀၀ ကို ဘာလုပ်ရမှန်းမသိရင် ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တယ်ဆိုတာ ဘယ်သူ့မှမပြောဘဲ ဘဏ်အပ်ထားလိုက်ပါ"

ဒါက ဘယ်မှာ ငွေရင်းမြှုပ်နှံရမှန်းမသိဘူးဆိုလို့ ကျွန်တော်ပြောတာနော်။

တခြားလူတွေသွားမေးရင်တော့ ဘာလုပ်လိုက်, ညာလုပ်လိုက်ဆိုပြီး ပေးလိုက်မယ့်အကြံတွေမှ ကွန်တိန်နာနှင့်သယ်လို့တောင် ကုန်မှာမဟုတ်ဘူး။

## အကြံတွေရဲ့ ပြဿနာ

.com SAMPLE BOOK

အကြံအားလုံးဟာ အကြံကောင်းတွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ၂၀၀၀ ပြည့်နှစ် မတ်လနှင့် ၂၀၀၃ ခုနှစ်မတ်လကြား လူသန်းပေါင်းများစွာဟာ ကုဋေ ထောင်ပေါင်း ၇၀၀၀ က ၉၀၀၀ အထိ သမိုင်းမှာမကြုံဘူးတဲ့ စတော့ဈေးကွက်ကြီး ပြိုကွဲရာမှာ ဆုံးရှုံးခဲ့ကြရတာပါ။

ဒီအကြံမျိုးတွေကို ငွေကြေးစီးပွားရေးပါရဂူဆိုသူတွေက ပေးခဲ့ကြတာဖြစ်ပြီး ဒီနေ့မျက်မှောက်အထိ ပေးနေကြဆဲပါ။ လူတွေကလည်း နားယောင်နေကြဆဲပါ။

စတော့ဈေးကွက် အဆိုးဆုံးအခြေအနေဆိုက်နေခိုက်မှာ ဈေးတွေကျနေတယ်။ 'ဝယ်ထား၊ ဝယ်ထား'လို့ သူတို့ကပြောခဲ့ကြပါတယ်။ 'ရှိတာ ထုတ်မရောင်းနှင့်။ ဆက်ဝယ်'ဆိုတာနှင့် ဖြူခါပြာခါကျကုန်ကြပါလေရော။

'တက္ကစီဒရိုင်ဘာတွေ စတော့လက်မှတ်လေးထုတ်ကိုင်လာရင် ရောင်းရမယ့် အချိန်ပဲ'ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။

ဒီစကားဟာ စီးပွားရေးပါရဂူဆိုသူတွေအထိပါ ဂယက်ရိုက်သွားလေပါရဲ့။

## ဦးနှောက် ကောင်းသူတွေရဲ့ အသံ

၁၉၉၅ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်ဦးပိုင်းကြားကာလ စတော့ဈေးတွေ ခုန်တက်ခေါင်ခိုက်နေတုန်းမှာ စိတ်ကျန်းမာရေးကောင်းကြသူ ၂ ယောက်ရဲ့အသံ ထွက်လာပါသေးတယ်။

တစ်ယောက်က ဖက်ဒရယ်ရီဆာ့ဗ်ဥက္ကဋ္ဌကြီး Alan Greenspan ဖြစ်ပြီး၊ နောက်တစ်ယောက်ကတော့ ကမ္ဘာ့မဟာရင်းနှီးမြှုပ်နှံသူကြီး Warren Buffelt ပါပဲ။

အလန်ဂရင်းစ်ပန်းက အဲဒါကို 'သဘာဝမကျတဲ့အဆင်ပြေမှု'လို့ သတိပေးခဲ့ပြီး၊ ဘတ်ဖက်ကတော့ စတော့ဈေးကွက်က လက်ရှောင်နေပြလိုက်ပါတယ်။

ဈေးကွက်ပြိုလဲမှု ကြားကာလမှာ အကြံပေးပုဂ္ဂိုလ်တွေက ဝါရင်းဘတ်ဖက်ရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး မကြာခဏထည့်ပြောရင်းက မသိနားမလည်သူတွေကို

ဆွယ်တရားဟောခဲ့တာယ်။ တကယ်စင်စစ်က ဝါရင်းဘတ်ဖက်ဟာ ဈေးကွက်ထဲမှာမရှိဘဲ သေားထိုင်နေခဲ့တာပါ။

"ကျွန်တော်ဟာ လွန်ခဲ့တဲ့အနှစ် ၆၀ က ကျွန်တော့်ရဲ့ ပထမဆုံးစတော့တွေကို စစ်ဝယ်ခဲ့တာပါ။ ထက်ဝက်လောက်က ရိုးရိုးသာမန်တွေပါ။ ဝယ်သင့်တာဝယ်ပြီး မဝယ်သင့်တာကို မဝယ်ခဲ့ဘူးဆိုပါတော့။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်ကြား ၁၀ နှစ်မှာ ဈေးတွေကြီးနေလို့ ကျွန်တော် မဝယ်ခဲ့ပါဘူး" လို့ သူကိုယ်တိုင်က ဖော်ကျွန်းမဂ္ဂဇင်းကို ထုတ်ဖော်ပြောခဲ့တာ ရှိပါတယ်။

နည်းပညာ ရင်းနှီးမြှုပ်နှံမှုမဂ္ဂဇင်းက ဟယ်ရီနယူးတန်ကလည်း–

စီလီကွန်, ဝိုင်ယာလက်စ်, ဒီအက်စ်အယ်လ်, ဘိုင်အိုတက်ခ်ရှယ်ယာတွေ လွတ်သွားတာနှင့်ပတ်သက်လို့–

"ဝါရင်း ဘတ်ဖက်က 'ဝမ်းနည်းပါတယ်ဗျာ'လို့ ပြောကောင်းပြောပါလိမ့်မယ်။ တစ်လအကြာ အဲဒီဈေးကွက်ထိုးကျသွားရာက ထည့်ဝင်ရင်းနှီးသူတွေရဲ့ ဒေါ်လာထောင်ပေါင်းများစွာ ဆုံးရှုံးသွားကြတော့တာပါပဲ။ အဲဒါကျတော့ ဝမ်းနည်းပါတယ်လို့ ဘယ်သူပြောလို့လဲ"ဆိုပြီး ဆောင်းပါးရေးခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း 'သူဌေးဖေဖေရဲ့ရင်းနှီးမြှုပ်နှံမှုလမ်းညွှန်'စာအုပ်မှာ ၂၀၀၀ ပြည့်နှစ် ဈေးကွက်ပြိုကွဲမှုကို ကြိုတင်ခန့်မှန်းချက် ထုတ်ဖူးပါတယ်။

ဒါကို ၂၀၀၂ ခုနှစ်မှ ဘယ်လ်တီမိုးမြို့က စတော့ပွဲစားတစ်ယောက်က "ဆရာ့ဟောကိန်း သိပ်မှန်တာပဲဗျာ"လို့တောင် ထောပနာပြုခဲ့ပါသေးတယ်။

နောက် သူဌေးဖေဖေရဲ့အောင်ပွဲခံဇာတ်လမ်းများမှာ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၃ ခုနှစ်ကြား ကုဋေပေါင်းများစွာ လက်လွတ်ဆုံးရှုံးနေကြတဲ့အချိန်မှာ ချမ်းသာခဲ့ကြသူတွေရဲ့ကိုယ်တိုင်ဖွင့်ဟချက်တွေနှင့် ပြည့်နေခဲ့ပါတယ်။ မယုံရင် ဖတ်ကြည့်ပါ။

## မကောင်းတဲ့ အကြံရဲ့ တန်ဖိုး

အလားတူ ၂၀၀၃ ခုနှစ် ဇွန်လအတွင်းက ရေဒီယိုအင်တာဗျူးတစ်ခုမှာ အသက် ၇၈ နှစ်ရှိတဲ့ အဘိုးအိုတစ်ယောက်(ဇနီးက ၇၅ နှစ်)က သက္ကရာဇ် ၂၀၀၀

myanoe.com

myyoe.com SAMPLE BOOK

ပြည့်နှစ်မှာ အကျိုးတူရန်ပုံငွေမှာ ဒေါ်လာတစ်သန်း ထည့်ဝင်ထားခဲ့တာဟာ ၂၀၀၂ ခုနှစ်ကျတော့ ၃၅၀၀၀၀ သာကျန်တော့ကြောင်း, ဘဏ်မှာပြောင်းအပ်ခဲ့ရကြောင်းကို ရေဒီယို အင်တာဗျူးသမားကို ရင်ဖွင့်သံ ကြားလိုက်ရပါတယ်။

ရှိတဲ့အိမ်လေးလည်း ပေါင်ထားရပါသတဲ့။

အဲဒါကို စီးပွားရေးအကြံပေးဆိုသူက စတော့ရှယ်ယာဈေးကွက်တွေ တရိပ်ရိပ် ကျနေချိန်မှာ ဈေးကွက်ထဲပြန်ဝင်သင့်တယ်လို့ အကြံပေးသွားပြန်လေရဲ့။

'အဘိုးအို, အဘွားအိုတွေ ရှေ့ဆက်ဘယ်လိုစခန်းသွားကြမှာလဲ' လို့ ရင်လေး ရင်း လေယာဉ်ပေါ်တက်ဖို့ ကျွန်တော်စောင့်နေချိန်မှာပဲ သတင်းစာတစ်စောင်ကို ကောက်ဖတ်မိလိုက်ပါတယ်။

'ရင်းနှီးမြှုပ်နှံသူများက အိမ်ခြံမြေလုပ်ငန်းကုမ္ပဏီတစ်ခုသို့ ငွေများစုပြုံထည့်ဝင်ကြခြင်း' ဆိုတဲ့ခေါင်းစဉ်ကို တွေ့လိုက်ရာက ခေါင်းခါသက်ပြင်းချမိရပြန်ပါတော့တယ်။

"အင်း။ တောင်ထိပ်တစ်ခုကနေ နောက်တောင်ထိပ်တစ်ခုကို လှမ်းတက်ရင်း နှင့် ချောက်ထဲကျကြရတော့မှာပါလား"

## ကျွန်တော့်
## ကိုယ်တွေ့

ကျွန်တော်ကိုယ်တိုင်လည်း နယူးယောက်မှာ အမေရိကန်ကုန်သွယ်ရေကြောင်း အကယ်ဒမီကျောင်းကိုတက်နေတုန်း ၁၉၆၅ ခုနှစ်က စတော့အရောင်းသမားတစ်ယောက် လာဆွယ်လို့ နားမလည်ပါးမလည်နှင့် တစ်လ ၁၅ ဒေါ်လာသွင်းရတဲ့ ပထမဆုံးရင်းနှီး မြှုပ်နှံမှုတစ်ခု လုပ်ခဲ့ဖူးပါတယ်။

ကျောင်းသားတစ်ယောက်အတွက် ၁၅ ဒေါ်လာဆိုတာ နည်းတာမဟုတ် ပါဘူး။

ဒါပေမယ့် သူရဲ့ 'အမြဲတမ်း နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ပါ' ဆိုတဲ့ စကားကို နားစွဲသွားခဲ့တာဆိုပါတော့။

ခရစ္စမတ်ကျောင်းပိတ်ရက် ဟာဝိုင်ယီကိုပြန်ခဲ့ရာက သူဌေးဖေဖေဆီသွားလည် ရင်း ကျွန်တော် အကျိုးတူစုဆောင်းငွေတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့ကြောင်း ဖွင့်ပြော ခဲ့မိသလို–

myyoe.com

mgyoe.com

"ကျွန်တော်လုပ်တာ မှားများမှားသွားသလား"လို့လည်း မေးခွန်းထုတ်မိပါတယ်။

သူဌေးဖေဖေက "လုံးဝမှားတယ်လို့ မဆိုနိုင်ပါဘူး။ စောစောစီးစီး အတွေ့အကြုံရတာပေါ့ကွာ။ ဒါပေမယ့် မင်း ရင်းနှီးမြှုပ်နှံတဲ့ကိစ္စထက် မင်းအကြောင်းကိုသာ အဓိကထားပြောချင်စေတယ်"

"ကျွန်တော့်အကြောင်း။ ဟုတ်လား"

"အေး။ မင်း ဘယ်လိုရင်းနှီးမြှုပ်နှံသူမျိုးလဲဆိုတာက မင်းလုပ်တဲ့ရင်းနှီးမြှုပ်နှံမှုထက် ပိုအရေးကြီးတယ်"

"ကျွန်တော်ဟာ ရင်းနှီးမြှုပ်နှံသူကောင်း မဟုတ်ဘူးလား"

"ငါ ဒါကိုပြောတာမဟုတ်ပါဘူး။ အဲဒီစတော့အရောင်းသမားက မင်းကို နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုဝယ်, သိမ်းထား, ပြီးတော့ ထုခွဲပစ်လို့ အကြံပေးခဲ့တယ်။ မှန်ရဲ့လား"

"မှန်ပါတယ်"

"အေး။ သူ့အကြံက ဈေးသည်ပီပီ ဈေးရောင်းတဲ့လေသံပဲထွက်ခဲ့ပြီး မင်းကို ကျွမ်းကျင်ပါးနပ်တဲ့ ရင်းနှီးမြှုပ်နှံသူကောင်းဖြစ်အောင် ဘာပညာမှ မပေးခဲ့ဘူး။ လူတွေ ဝက်ဝက်ကွဲရှုံးကြရတာဟာ ဈေးသည်ဆန်ဆန် အရှုံးအမြတ်သာတွက်ဖို့စဉ်းစားပြီး ရင်းနှီးမြှုပ်နှံမှုပညာနှင့် သဘောသဘာဝတွေကို ကောင်းကောင်းနားမလည်ခဲ့ကြလို့ပဲ။ မင်းအနေနှင့် လေ့လာသင်ကြားစရာတွေ အများကြီးကျန်သေးတယ်"

"ဒါဖြင့် အဲဒီရှယ်ယာတွေကို ပြန်ထုတ်လိုက်ရမှာလား"

"လောလောဆယ် ရောင်းစရာမလိုသေးပါဘူး။ မင်း အမှားလုပ်မိတဲ့တိုင်အောင် သင်ခန်းစာပြန်ယူဖို့ ဆက်ထားလိုက်ပါဦး။ ဒါမှ ငွေထက် ပိုအရေးကြီးပြီး တန်ဖိုးမဖြတ်နိုင်တဲ့သင်ခန်းစာတွေ ရမှာပေါ့။ ပထမဆုံးအနေနှင့် ရင်းနှီးမြှုပ်နှံသူကောင်းဖြစ်ဖို့က အရောင်းခန်းနှင့် သင့်လျော်တဲ့ရင်းနှီးမြှုပ်နှံမှုအကြံတွေရဲ့ ခြားနားချက်ကို နားလည်အောင်သင်ကြားပေးရမယ်"

ထစ်ဆက်တည်းမှာ သူဌေးဖေဖေပေးတဲ့သြဝါဒတွေက–

"ဘယ်ရင်းနှီးမြှုပ်နှံမှုပဲလုပ်လုပ် စိတ်ရှည်ရမယ်။ ငွေရှုံးတာထက် ဒီထက်ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှုကြီးတွေလုပ်ဖို့ နောက်ဆုတ်သွားတဲ့အရှုံးက ပိုဆိုးတယ်။ ငွေရှုံးမှာကြောက်တဲ့စိတ်ဝင်လာရင် အောင်မြင်မှုအတွက် ရင်ခုန်ရမှုတွေကို လက်လွှတ်သွားလိမ့်မယ်။ ဒါနှင့်အမျှ ချမ်းသာရေးလည်း ဝေးသွားမှာပဲ"

mgyoe.com

mgg.com SAMPLE BOOK

"မင်း အကျိုးတူစုငွေတွေက ၁ နှစ် ၁၀ ရာခိုင်နှုန်းအမြတ်ဆိုတာ အသေးအဖွဲလေးပဲ။ တကယ့်တကယ့် အဲဒီအမြတ်လေးတောင် သေချာတာမဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုပညာတတ်တဲ့ ရင်းနှီးမြှုပ်နှံသူကောင်းတစ်ယောက်အနေနှင့် အကျိုးရှိမယ့်ရင်းနှီးမြှုပ်နှံမှုတွေသာ လုပ်ကြတယ်။ မတတ်တဲ့လူတွေကတော့ ကြားစကားနားယောင် သူများလှည့်စားတာခံရပြီး ဒေဝါလီခံရရုံပဲရှိမယ်။ ဒီတော့ ငွေအပေါ်မှာ အာရုံမစိုက်နှင့်။ ရင်းနှီးမြှုပ်နှံသူကောင်းဖြစ်စေတဲ့ သင်ကြားမှုအပေါ်သာ အာရုံစိုက်လေ့လာပါ။

"မင်းရဲ့ငွေတွေကို လုံးဝမသိတဲ့လူစိမ်းလက်ထဲ ဘာလို့ပြောင်းအပ်ချင်ရတာလဲ။ အဲဒီသူစိမ်းက နောက်တစ်ဆင့် လက်ပြောင်းလက်လွှဲလုပ်လိုက်တာကော သိရဲ့လား။ တကယ့်ငွေပင်ငွေရင်းထဲ ဘယ်လောက်ဝင်သွားသလဲ။မင်းငွေတွေ အမှန်အကန်ပြန်ရမှာတဲ့လား။ တစ်ပြားမကျန် မင်းလက်ထဲ ပြန်ရောက်လာပါ့မလား။ မင်းကို အကျိုးတူရန်ပုံငွေတွေရောင်းခဲ့တဲ့လူမှာ ကော်မရှင်တွေ ဘယ်လောက်ရလိုက်သလဲ။ ကဲ၊ ဖြေစမ်းပါဦး"

အဲဒီတုန်းက သူဌေးဖေဖေမေးသမျှ ကျွန်တော် တစ်လုံးမျှ မဖြေနိုင်ခဲ့ပါဘူး။

နောက်ပိုင်း စာတတ်သွားတဲ့အခါမှာတော့ ဒီမေးခွန်းတွေကို အဖြေထုတ်နိုင်ခဲ့ပါပြီ။

နာမည်ကျော်စာရေးဆရာ မိုက်ကယ်အဲလစ်က နယူးယောက်တိုင်းမ်စ်မဂ္ဂဇင်းမှာ ၂၀၀၂ ခုနှစ်က ရေးခဲ့တဲ့ဆောင်းပါးတစ်ပုဒ်မှာ–

'စတော့ဈေးကွက်ကအရှုံးတွေဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့အရှုံးမဟုတ်ပါဘူး။ တစ်ယောက်က တစ်ယောက်ကို လက်ပြောင်းလိုက်တာပါ'တဲ့။

'ရှယ်ယာတွေဟာ ဝယ်တဲ့အချိန်မှာထက် ရောင်းတဲ့အချိန်မှာ ပိုတန်ဖိုးရှိသွားတတ်တယ်။ ဒါဟာ ဝယ်ရင်းထားသူထက် တစ်ဆင့်ခံဝယ်သူတွေအတွက် အကျိုးပိုရှိသွားစေတာပဲ'တဲ့။

'တစ်နည်းပြောရင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၃ ခုနှစ်ကြားက ဆုံးရှုံးခဲ့ကြရတဲ့ ဒေါ်လာ ကုဋေ ၉၀၀၀ လောက်ဟာ ပိုချမ်းသာသူတွေဆီကို လက်ပြောင်းရောက်သွားတာပဲ ဖြစ်ပါတယ်။ ချမ်းသာပြီးသားလူက ပိုချမ်းသာသွားပြီး ဆင်းရဲသူက မွဲသွားတာပဲပေါ့'တဲ့။

ဪ... ဒါကြောင့်လည်း သူဌေးဖေဖေက 'ရင်းနှီးမြှုပ်နှံမှု'ထက် 'ရင်းနှီးမြှုပ်နှံတတ်သူ'ဖြစ်ဖို့ ပိုအရေးကြီးတယ်လို့ ပြောခဲ့တာကိုး။

mgage.com

mgyoe.com SAMPLE BOOK

# ၁၁း
# ရိုက်ချိုးခြင်း

၂၀၀၂ ခုနှစ်အတွက် ဝေါလ်စထရိက အကြီးဆုံးကုမ္ပဏီကြီးတချို့ဟာ နယူးယောက်နိုင်ငံတော်ရှေ့နေချုပ်ရဲ့ ဒေါ်လာ ၁ . ၄ ဘီလျံဒဏ်ရိုက်တာ ခံလိုက်ရပါတယ်။ ပြစ်မှုကတော့ မရိုးမသားလှည့်ဖြားမှုနှင့် အတိုးနှုန်းတွေ ကမောက်ကမဖြစ်အောင် ကလိန်ကျမှုတွေကြောင့်ပါပဲ။

သတင်းစာရှင်းလင်းပွဲမှာ ရှေ့နေချုပ်စပစ်ဇာက–

"ရင်းနှီးမြှုပ်နှံသူတိုင်းက ဒီဈေးကွက်မှာ စွန့်စွန့်စားစားပါဝင်လာရတာကို သိကြပါတယ်။ ဒါပေမယ့် သူတို့အဖို့ ရိုးသားတဲ့မျှော်လင့်ချက်တွေနှင့် ဖြောင့်မတ်တဲ့ အကြံပေးမှုတော့ ရှိရမှာပေါ့။ ခုတော့ လှည့်ဖြားသွေးဆောင်မှုတွေနှင့် သူတို့ရဲ့ခါးကို ရိုက်ချိုးပစ်ခဲ့ကြတာပဲ။

# တာဝန်
# ကျေ
# ဆု

ဒီလိုဒဏ်ငွေရိုက်ပြီး မကြာခင်မှာ မာရိုးလ်လင့်ချ်ကုမ္ပဏီကြီးက သူ့အရာရှိတွေကို ၂၀၀၂ ခုနှစ်အတွက် ဆုကြေးငွေတွေချီးမြှင့်ခဲ့တဲ့အကြောင်း ဝေါလ်စထရိဂျာနယ်မှာ သတင်းပါလာပါတယ်။

ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တွေကို လုပ်ငန်းအောင်မြင်မှုအတွက် ဒေါ်လာ ၇ သန်း ချီးမြှင့်ပါသတဲ့။

အကြောင်းပြချက်ကတော့ 'လုပ်ငန်း ၂၁၇၀၀ ကို လျှော့ချဖြတ်တောက်ပြီး ဝန်ထမ်း ၆၅၀၀ ကို ရာထူးချပစ်ခဲ့လို့'ပါလို့ အကြောင်းပြတယ်။

ဆောင်းပါးက တခြားငွေကြေးကုမ္ပဏီကြီးတွေ အမှုဆောင်အရာရှိတွေရဲ့ လစာကိုဖော်ပြခဲ့ရာမှာ တစ်ယောက်ကို ဒေါ်လာ ၁၅ သန်းမှ သန်း ၂၀ နီးပါး ပေးခဲ့ကြတာ တွေ့ရပါတယ်။

အဲဒီကုမ္ပဏီတွေလည်း မရိုးသားမှုကြောင့် ဒဏ်ရိုက်ခံခဲ့ကြရတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK
ဒီကြားထဲကပဲ အဲဒီကုမ္ပဏီတွေဟာ အောင်လံတလူလူနှင့် ခေါင်းထောင်နေခဲ့ကြရတာလား။

အဲ၊ အကျိုးတူရန်ပုံငွေလုပ်ငန်းလုပ်တဲ့သူတွေကလည်း ဈေးဖွင့်ချိန်နှင့် ဈေးပိတ်ချိန်တွေမှာ ဈေးကစားပြီး ကြားကအမြတ်ထုတ်သမျှ အစုရှယ်ယာရှင်တွေ ခံကြရပါသတဲ့။

## စ

## တတ်သွားတဲ့ ရင်းနှီးမြှုပ်နှံသူ

ဒီသာဓကတွေကိုထောက်ရင် ငွေကြေးရင်းနှီးမြှုပ်နှံမှုလောကမှာ ငွေတွေက ပျောက်ဆုံးသွားတာ မဟုတ်ပါဘူး။ လက်ပြောင်းရုံ ပြောင်းသွားကြတာပါ။ ဒါကြောင့်လည်း 'ဒေါ်လာ ၁၀,၀၀၀ ကို ဘာလုပ်ငန်းမှာထည့်ဝင်ရမလဲ' မေးလာသူတွေကို အဖြေပေးဖို့ နှုတ်ဆွံ့နေခဲ့ရတာပဲ ဖြစ်ပါတယ်။

ကောင်းတာကတော့ 'ငွေ'ကို ရင်းနှီးမမြှုပ်နှံခင် 'အချိန်'ကိုရင်းပြီး ပညာသင်လေ့လာတာပါပဲ။

သူ့ဒွေးဖေဖေပြောဖူးတဲ့ စကားလေးတော့ မှတ်ထားစေချင်ပါတယ်။

"ငွေပညာ သိပ်မကတ်ကြသူတွေဟာ အရောင်းဌာနတွေအပေါ် မျက်စိကျပြီး အကြံသွားတောင်းတဲ့အမှားကို ကျူးလွန်မိကြတာပါပဲ"တဲ့။

ပြီးတော့ သူက ပြောခဲ့ပါသေးရဲ့။

"မင်းတို့ ရင်းနှီးမြှုပ်နှံမှုပညာပိုတတ်လာရင် ပိုကောင်းတဲ့ရင်းနှီးမြှုပ်နှံမှုအကြံဉာဏ်တွေ ရလာမှာပေါ့"

mgyoe.com

mgyoe.com

**ရှုရန်ရဲ့မှတ်ချက်**

ကိုယ့်အတွက် အကျိုးများမယ့်အကြံဉာဏ်ရဖို့ အချိန်ကုန်ငွေကုန်ခံမလား။

အကြံပေးပုဂ္ဂိုလ်ဆိုသူတွေ ပိုအကျိုးများမယ့်အလုပ်မျိုး လုပ်မလား။

စဉ်းစားစရာပါပဲ။

အရောင်းသမားတွေရဲ့ ရည်မှန်းချက်က ရှင်တို့ပိုက်ဆံကိုချူယူဖို့ဖြစ်ပြီး၊ ရှင် လစာပေးငှားထားတဲ့ အကြံပေးပုဂ္ဂိုလ်ကောင်းတွေက ရှင့်အတွက် ပိုက်ဆံရှာပေးဖို့ ဖြစ်ပါလိမ့်မယ်။

**အရှိန်မြင့် အပ်မလား**

သာမန်ရင်းနှီးမြှုပ်နှံသူတွေတတ်တဲ့ ငွေပညာက ဘဏ်နှင့်အရောင်းသမားတွေလို ငွေလုပ်ငန်းဌာနကရတာတွေပဲ ဖြစ်ပါတယ်။

သူတို့က ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့၊ ဒါမှမဟုတ် စျေးကွက်က နှစ်စဉ်တိုးတက်ဖွံ့ဖြိုးမှုကိုမျှော်မှန်းပြီး နှစ်ရှည်အပ်ငွေအဖြစ်နှင့် ငွေတွေကိုအပ်ထား,သွင်းထားဖို့ပဲ ဆွယ်ပါလိမ့်မယ်။

ဒီလို ငွေတွေလက်လွှဲအပ်ထားလိုက်တာဟာ ကိုယ်ချမ်းသာဖို့မဟုတ်ဘဲ သူတို့တွေချမ်းသာဖို့နှင့် သူတို့အငြိမ်းစားယူချိန်မှာထိုင်စားဖို့ပဲ ဖြစ်ပါတယ်။

နောက်တစ်ခုအနေနှင့် ‘ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ’ဆိုတဲ့ မေးခွန်းကို အဖြေရှာရင်တော့ ယူသွားတဲ့လူက အစိုးရပါပဲလို့။

လူဦးရေအများစုဟာ ဝန်ထမ်း, အလုပ်သမားတွေဖြစ်သလို လုပ်ခလစာတွေထဲက အကြီးမားဆုံးကုန်ကျစရိတ်ဟာ ‘အခွန်အကောက်’တွေ ဖြစ်နေတတ်ပါတယ်။

သူဌေးဖေဖေက ‘ငွေကိုအအိပ်မခံဘဲ ဒီနေ့ပဲ ပိုင်ဆိုင်မှုတွေကို ဝယ်ပါ၊ တည်ဆောက်ပါ၊ ငွေဝင်လမ်းဖောက်ပါ’လို့ လမ်းသစ်ရှာပေးခဲ့ပြီးပါပြီ။ ဒါဟာ ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့နည်းလမ်းပါပဲ။

လစာ,လုပ်ခရဖို့ ပင်ပင်ပန်းပန်းလုပ်ရတဲ့ထောင်ချောက်ထဲ မိနေတယ်လို့ မခံစားရပေဘူးလား။

ငွေကို တန်ပြန်ခိုင်းရမှာဟာ ခက်ခဲပင်ပန်းတယ်လို့ အောက်မေ့နေသလား။

ဒီစာအုပ်က ရှင့်ကို ငွေစုသူအဖြစ်ကနေ ရင်းနှီးမြှုပ်နှံသူဘဝကို ပြောင်းပေးပါလိမ့်မယ်။

mgyoe SAMPLE BOOK ကျွမ်းကျင်တဲ့ရင်းနှီးမြှုပ်နှံသူတွေဟာ ပိုင်ဆိုင်မှုတစ်ခုကနေ နောက်ပိုင်ဆိုင်မှုတစ်ခုထပ်ရဖို့ သူတို့ငွေကို ခြေသွက်လက်သွက်နှင့် ဘယ်လိုရွှေ့ပြောင်းအသုံးချရမလဲဆိုတာ သိလိုကြပါတယ်။

သူတို့က ပိုင်ဆိုင်မှု ၃ အုပ်စုနှင့်ဆက်နွှယ်ပြီး အရှိန်ကောင်းကာတွေကို ရွေးချယ်လေ့ရှိကြပါတယ်။

ဒီလိုနှင့် သူတို့ငွေတွေဟာ ရှင်သန်နေပြီး အကျိုးအမြတ်တွေလည်း တိုးပွားလာကြရတာပါပဲ။

စီးပွားရေးလုပ်ငန်းများ – တခြားလူရဲ့ငွေ၊ (OPM - Other People's Money)
ရွေးလုပ်သော သီးခြားလုပ်ငန်းများ
တခြားလူရဲ့အချိန် (Other People's Time)
အခွန်ဥပဒေများ
လူ့ဒါန်းမှု

အိမ်ခြံမြေ – တခြားလူရဲ့ငွေ၊ (OPM)
သာတူညီမျှရွေးချယ်ခွင့်
အခွန်ဥပဒေများ
* တန်ဖိုးလျော့ကျ
* ပုံသေအရှုံး

စာရွက်စာတမ်း – အခွန်ကင်းလွတ်ခွင့်
ကြိုးထိုးစုဆောင်းငွေ
စိတ်ကြိုက်လုပ်ပိုင်ခွင့်
ကိုယ်ပိုင်လျာထားချက်များ
ကနဦး အများကိုဦးစားပေးမှု

ဒီနည်းလမ်းတွေနှင့် ပို့ဆောင်ပေးတဲ့အရာတွေဟာ ကျွမ်းကျင်တဲ့ရင်းနှီးမြှုပ်နှံသူတွေရဲ့လက်သုံးတွေဖြစ်ပြီး လူတိုင်းလည်းလုပ်နိုင်ပါတယ်။

ငွေကြေးစီးပွားရေးပညာကို အမှန်အကန်တတ်မယ်၊ အတိုင်ပင်ခံအကြံပေးသမားကောင်းတွေရှိမယ်၊ ကိုယ်ကိုယ်တိုင်ကလည်း စိတ်ပါလက်ပါလုပ်ချင်တဲ့ဆန္ဒရှိမယ်ဆိုရင် ရှင့်ငွေကို နဖားကြိုးထိုးပြီး စ,ခိုင်းတတ်လာမှာပဲပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ။၂။

ကျွန်တော့်ရဲ့ စတော့ရှယ်ယာတစ်ခုကို စွဲကိုင်ထားတဲ့ အချိန်ကန့်သတ်ချက်က တော့ အစဉ်ထာဝရပါပဲ။

Warren Buffett

**သားစားနွား**
**မွေးမြူရေးသမား**
**ကို မေးပါ။ နောက်**
**နို့စားနွား**
**မွေးမြူရေးခြံရှင်**
**ကို မေးပါ။**

ကျွန်တော် အကျိုးတူရန်ပုံငွေမှာ အလောတကြီးရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တာကို နည်းမှန်ကမ်းမှန် ပြပေးခဲ့ပြီးတဲ့နောက်မှာ သူ့ဖေဖေက ငွေဈေးကွက်မှာ မကြာမကြာ ဝင်လုပ်ဖူးတဲ့ သူ့ရဲ့ရင်းနှီးမြှုပ်နှံနည်းတွေကို ပြောပြခဲ့ပါတယ်။

ပြီးတော့ သားစားနွားမွေးမြူသူနှင့် နို့စားနွားမွေးမြူရေးသမားတွေရဲ့ ကွာခြားချက်ကိုထောက်ပြပြီး စီးပွားရေးဆိုင်ရာသင်ခန်းစာတစ်ခု ထုတ်ပေးပါတယ်။

ကျွန်တော်ကြီးပြင်းခဲ့ရတဲ့ဇာတိဌာနေ ဟာဝိုင်ယီကျွန်းမကြီးပေါ်မှာ တကယ့် ပတ်ကား မွေးမြူရေးခြံကြီးတွေ ရှိပါတယ်။ မြင့်မားတဲ့တောင်တွေ, စိမ်းလန်းတဲ့တောင်ကုန်းတွေ ဝန်းရံထားတဲ့ သာယာလှပတဲ့စားကျက်မြေတွေပဲဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာကြီးကို မိုးထားပါတယ်။ လူတွေ ရှုပ်ယှက်ခတ်နေတဲ့ ဝိုင်ကီကီကမ်းခြေက ပတ်ကားခြံတွေဆီကို သွားလည်ရတာလည်း ငြိမ်သက်အေးချမ်းပြီး ပျော်စရာအရမ်းကောင်းပါတယ်။

ကျွန်တော် ၁၆ နှစ်သားလောက်မှာ သူဌေးဖေဖေက သူ့သားနှင့်အတူ ကမ်မူလာမြို့ငယ်လေးမှာရှိတဲ့ အဲဒီခြံကြီးတွေဆီ ခေါ်သွားတတ်ပါတယ်။

အဲဒီမှာ ကောင်းဘွိုင်နွားကျောင်းသားတွေက နွားအုပ်တွေကို နွားသတ်ရုံကို မောင်းလာကြတာလည်းတွေ့ရပါတယ်။ ဒီအခါတိုင်း သူဌေးဖေဖေက နွားတွေသတ်တာမမြင်ရအောင် ကျွန်တော်တို့ကို တဲခြားနေရာတွေ ခေါ်သွားတတ်တာဟာလည်း မမေ့နိုင်စရာအဖြစ်အပျက်တစ်ခုပါပဲ။

နောက် လ,အနည်းငယ်ခြားပြီး နို့စားနွားမွေးမြူရေးခြံကို ပို့ပေးခဲ့ပြန်ပါတယ်။ အဲဒီတော့လည်း ခြံရှင်တွေက နွားအုပ်ကြီးကို နို့ညှစ်ဖို့မောင်းသွားတာ မြင်ရပြန်တာပေါ့။

သူဌေးဖေဖေသိစေချင်တဲ့ စီးပွားရေးအမြင်ကတော့ အသားတိုးနွားနှင့် နို့စားနွားတွေ မွေးမြူသူ ၂ ဦးစလုံးဟာ နွားတွေကိုပိုင်ဆိုင်ကြတာချင်းအတူတူ လုပ်ထုံးလုပ်နည်းကွဲပြားနေကြတာပဲ ဖြစ်ပါတယ်။

လုပ်ငန်းသဘောချင်းမတူတဲ့ကြားမှာ အရေးကြီးတဲ့ခြားနားချက်တွေ ရှိနေပါတယ်။ အဲဒါကတော့–

'ရင်းနှီးမြှုပ်နှံမှုမှရငွေ (ကွဲလွဲဆန့်ကျင်) ငွေလှည့်ပတ်စီးဆင်းမှု'ပဲဖြစ်ပါတယ်။

သားစားနွားမွေးသူဟာ 'ရင်းနှီးမြှုပ်နှံမှုကငွေထွက်ဖို့'လုပ်တာပါ။ နို့စားနွားမွေးသူကတော့ 'ငွေလှည့်ပတ်စီးဆင်းမှုမပြတ်အောင်'လုပ်ပါတယ်။

လူတွေ ငွေအမြောက်အမြားဆုံးရှုံးရတဲ့ အကြောင်းရင်းတစ်ချက်က ရင်းနှီးမြှုပ်နှံမှုက ငွေရဖို့သက်သက်သာ မျှော်လင့်စဉ်းစားကြလို့ဖြစ်ပြီး၊ သားစားနွားမွေးသူနှင့် တူပါတယ်။

သူတို့က နွားနို့ညှစ်ဖို့ထက် နွားကိုသတ်ဖို့သာ ရင်းနှီးမြှုပ်နှံကြလို့ပါပဲ။

## ရင်းနှီးမှုက
## ငွေရဖို့လုပ်သူ
## နှင့်စကားပြောခြင်း

ရင်းနှီးမြှုပ်နှံမှုက ငွေရဖို့သက်သက်သာလုပ်တဲ့လူနှင့်တွေ့ရင် သူတို့ စကားအသုံးအနှုန်းတွေနှင့် ပြောပေါက်တွေ ဒီလိုကြားရပါလိမ့်မယ်။

၁။ "ကျုပ်ပိုင်ပစ္စည်းက အသားတင်တန်ဖိုးတွေ သိပ်တက်နေပြီဗျ"
၂။ "ကျွန်တော့်အိမ်ဂက ခုဆို အတော်လေးတန်နေပြီ"
၃။ "ရှယ်ယာတစ်ခု ၁၀ ဒေါ်လာ ပေးထားလိုက်တာ ဈေးတက်လာတာနှင့် ၁၅ ဒေါ်လာနှင့် ရောင်းလိုက်တယ်"
၄။ "အိမ်တစ်လုံးဝယ်ပြီး ပြန်ရောင်းလိုက်တာ ဒေါ်လာ ၂၀၀၀၀ ကျော်တောင် မြတ်တယ်"
၅။ "ကုမ္ပဏီဝင်ငွေတိုးလာတော့ ရှယ်ယာဈေးတွေလည်း လိုက်တက်မှာပဲပေါ့"

## ငွေ
## လှည့်ကစားသူ
## ရဲ့စကားသံများ

၁။ ဒီပစ္စည်းပိုင်ဆိုင်မှုပေါ်က ငွေပေါ် ငွေပြန်ရမယ်။ အမြတ်က ဘယ်လောက်လဲ။
၂။ ဒီစတော့က အမြတ်ပြန်အမ်းငွေ ၅% ဆင့် ပေးနေတာဗျ။
၃။ မင်းရဲ့ဝင်ငွေနှင့် ပစ္စည်းတန်ဖိုးလျော့ကျနှုန်းက ကာမိရဲ့လား။
၄။ အခွန်လွတ်စည်ပင်စာချုပ်တွေက ၇ ရာခိုင်နှုန်း အတိုးပေးနေတာပဲ။
၅။ ကြွေးသိမ်းမခံရတဲ့ အခွန်စာချုပ်တွေက ၁၆ ရာခိုင်နှုန်းတိုး ရတယ်။

## ငွေကြေး
## အကြံပေးပုဂ္ဂိုလ်
## ရဲ့စကား

ငွေကြေးအကြံပေးပုဂ္ဂိုလ်အများစုနှင့် တွေ့ရင်တော့ ခင်ဗျားကို ခုလိုပြောမှာ သေချာတယ်။

"ခင်ဗျားငယ်တုန်းမှာ အောင်မြင်တိုးတက်မှု အကြီးအကျယ်ရနေတဲ့နေရာမှာ ရင်းနှီးငွေ ထည့်ထားပါ။ အငြိမ်စားယူချိန်ကျရင်တော့ ဝင်ငွေမှန်တဲ့အလုပ်ကို ပြောင်းရွှေ့ ရင်းနှီးပါ"

m gy ဒီစကားဆို အနက်ပြန်လိုက်မယ်ဆိုရင်–

"ခင်ဗျားငယ်တုန်းမှာ ရင်းနှီးမြှုပ်နှံမှုရငွေအတွက် အစုဝင်ပါ။ အသက်ကြီးလာတဲ့အခါမှာ ငွေလှည့်ပတ်စီးဆင်းမှုမပြတ်တဲ့အလုပ်မှာ ရင်းနှီးပါ"ပေါ့။

## အလွန်
## အရေးကြီး
## တဲ့အချက်များ

ဝါရင်းဘတ်ဖက်က ပြောဖူးလေရဲ့။

"စတော့တစ်ခုကိုဝယ်ရာမှာ အတုံးဆုံးအကြောင်းပြချက်က 'ဈေးတွေတက်နေလို့' ဆိုတာပါပဲ"တဲ့။

ရယ်စရာကောင်းတဲ့ဥပမာက 'ခင်ဗျား ကျွန်တော့်ကို ဒေါ်လာ ၁၀ ပေးစမ်းပါ။ တစ်လကို တစ်ဒေါ်လာ ပြန်ပေးမယ်'လေ။ ကဲ၊ အဲဒါမျိုးဟာ ကောင်းတဲ့ရင်းနှီးမြှုပ်နှံမှုတဲ့လား။

တစ်နည်းအားဖြင့် '၁၀ ဒေါ်လာကို အနှစ် ၄၀ ကြာမှ ပြန်ရမယ်။ သူတို့ကို အသေအပ်ထားပါ'ဆိုတာကော လက်ခံသင့်ပါသလား။ အရူးအမိုက်တွေသာ ယုံကြမှာပေါ့။

ငွေလုပ်ငန်းဌာနတွေကတော့ 'မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ'ပါပဲ။ ဒီသဘောဟာ ငွေဈေးကွက်သာမကဘူး။ စီးပွားရေးဈေးကွက်တိုင်းမှာ ရှိနေပါတယ်။

ဘယ်ဈေးကွက်မှာမဆို နွားသတ်သမားလို မမွေးပါနှင့်။ နို့ညှစ်သမားလိုသာ မွေးပါ။

ငွေဈေးကွက်သတင်းကတော့ မနက် ရွှေ၊ ည ငွေ ဖြစ်နေပြီး၊ ခု စာကလေးကြော်, ခု ဆိတ်ထမင်းဖြစ်နေတာ တွေ့ရမှာပါပဲ။

ရေရှည်ရင်းနှီးမြှုပ်နှံသူတွေက သွင်းငွေတွေဟာ ဈေးမြင့်တက်ချိန်မှာ အပြင်ကို ခြေထောက်ပေါက်ခုန်ထွက်သွားကြတာကို သတိထားစေချင်ပါတယ်။

ငွေရင်းနှီးမြှုပ်နှံမှုက ငွေပြန်ထွက်ဖို့ဆိုတာ လောင်းကစားတာနှင့် မခြားပါဘူး။ မမြင်ရတဲ့အနာဂတ်ကို မျှော်လင့်ချက်တစ်ခွဲသားနှင့် သွားရည်ကျတာဆိုလည်း မှားပါ့မလား။

mgyoe.com SAMPLE BOOK

ဦးစား
ပေးရေး
ကိစ္စ

ဒီစကားတွေ ဒီလိုပြောနေတဲ့ကြားကပဲ ကျွန်တော်ကိုယ်တိုင် တစ်ခါတလေတော့ စိမ့်မှုကောင်းတဲ့လုပ်ငန်းတွေမှာ ငွေရင်းနှီးမြှုပ်နှံမှုကနေ အမြတ်ရဖို့ အနည်းအကျဉ်းထည့်ဝင်လေ့ရှိပါတယ်။

တကယ်တော့ အပျော်ကစားတာပါ။

အခါအားလျော်စွာလည်း အကွက်ကောင်းမြင်ရင်မြင်သလို ဝင်ရင်းတတ်ပါတယ်။

ဒီနေရာမှာ သူဌေးဖေဖေရဲ့ ဦးစားပေးနည်းအရ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တာပါပဲ။

၁။ ငွေကြေးလည်ပတ်မှု

၂။ တွန်းကန်အားရှိမှု၊ အရှိန်သြဇာကြီးမှု

၃။ အခွန်တော်အကျိုးကျေးဇူး ခံစားရရှိမှု

၄။ ငွေရင်းနှီးမြှုပ်နှံမှုက ဝင်ငွေရမှု

ဒါပေမယ့် များသောအားဖြင့် လူတွေဟာ ငွေရင်းစိုက်ပြီးငွေပြန်ဖော်ဖို့ မျှော်လင့်တဲ့ နံပါတ် ၄ နည်းကိုပဲ ဦးစားပေးတတ်ကြတာ တွေ့ရလေရဲ့။

ဒီတော့ အငြိမ်းစားစိမ့်ချက်ငွေစာရင်းတွေမှာ သာမန်ရင်းနှီးမြှုပ်နှံသူတွေဟာ ရှိတဲ့ပိုက်ဆံလေးတွေ စီးထွက်ကုန်တာသာအဖတ်တင်ပြီး ငွေရဲ့ကန်အားလည်းမရ၊ အခွန်သက်သာခွင့်လည်းမရှိဘဲ ဖြစ်ရပါတယ်။ သူတို့ရဲ့ငွေတွေဟာ စားကျက်ထဲမှာ ထိုင်ပြီး စားလိုက်အိပ်လိုက်နှင့် ဝဖိုလာပါတယ်။ ဈေးကွက်အပြောင်းအလဲကြုံတာနှင့် နွားကျောင်းသားတွေရောက်လာပြီး ငွေသားတွေကို မ,ထုတ်သွားရာက သူတို့ခမျာ အသတ်ခံလိုက်ရသလို မျက်ရည်စက်လက်သွေးပွက်ပွက်နှင့် ကျန်ခဲ့ရတော့တာပါပဲ။

ဒီအန္တရာယ်ကို ကြိုမြင်လို့ ၂၀၀၃ ခုနှစ်အတွင်းက အိမ်ရှေ့စံဝေလမင်းသားဟာ နှစ်ပေါင်း ၇၀၀ သက်တမ်းရှိတဲ့ စံအိမ်တော်ကြီးနှင့်ပတ်သက်လို့ ၂၅ သန်းနီးပါး အမြတ်ထွက်ခဲ့တယ်။ နှစ်စဉ် ၂၅ ရာခိုင်နှုန်းတန်ဖိုးတက်နေတဲ့ရှယ်ယာတွေကို တိတ်တဆိတ် ရောင်းထုတ်ပစ်လိုက်ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်တစ်ခုလုပ်လိုက်တာ ဟိုးဟိုးကျော် သွားပါတယ်။

mgyoe.com

သူဟာ ဈေးကွက်ကျရိပ်တွေမြင်ပြီး ရောင်းပြေးခဲ့တာပါ။ ဒါကြောင့်လည်း ခပ်ငါးသာသထက် ပိုချမ်းသာသွားပြီး 'စီးပွားရေးဘုရင်'လို့ ချီးကျူးခံခဲ့ရတာပါပဲ။

## ငွေ
## စီးဆင်းလှည့်ပတ်မှု
## ရဲ့တန်ခိုးသြဇာ

သူဌေးဖေဖေကတော့ နွားတွေကိုသတ်ဖို့ထက် နို့ညှစ်ဖို့ ဦးစားပေးသင်ကြားခဲ့ပါတယ်။

Rich Dad's CASH FLOW Quadrant စာအုပ်မှာ ကျွန်တော်က ရေပုံးနှင့်ခပ်တာနှင့် ရေပိုက်သွယ်တဲ့ဖြစ်ရပ်ကို နမူနာပြခဲ့တာပါတယ်။

ရေပိုက်သွယ်တာက ရေတွေလျှံနေအောင် ငွေဝင်လမ်းဖြောင့်စေတာနှင့်အမျှ ရေပုံးနှင့်ခပ်တာက လူပင်ပန်းပြီး လုပ်ခငွေရရုံလောက်သာရှိတာကို နှိုင်းယှဉ်ပြခဲ့တာပါ။

ဒါဟာ ငွေလှည့်ကစားတာနှင့် ငွေရင်းစိုက်ပြီးငွေပြန်ပေါ်ဖို့ ကြိုးပမ်းမှုရဲ့ ပြယုဂ်လို့လည်း ဆိုနိုင်ပါတယ်။

အိမ်တစ်လုံးဝယ်တယ်, ပြင်ပြီးပြန်ရောင်းတယ်, ဒေါ်လာ ၂၅၀၀၀ ရလိုက်တယ်ဆိုတာ နွားသတ်သမားအလုပ်၊ ရေပုံးနှင့်ခပ်တာ၊ တစ်ခါစားကြဲတာပဲ ဖြစ်ပါတယ်။

အိမ်ကို အငှားချတာကတော့ နို့သမားအကြံ။ ရေရှည်စားရဖို့ ပိုက်သွယ်တာပါပဲ။

ဒီစာအုပ်မှာ ရေပိုက်ရဲ့အကျယ်အဝန်းပမာဏကို ကြီးနိုင်သမျှကြီးအောင် ချဲ့ဖို့ အကြံပေးပါတယ်။

တစ်ခါစားလုပ်ရပ်နှင့် ကိုယ့်လုပ်ငန်းကိုပြန်မသတ်ဖို့လည်း သတိပေးပါတယ်။

ငွေတွေလိမ့်ဝင်လာတာနှင့် နောက်ပိုင်းဆိုင်မှုအသစ်တစ်ခုကို ထပ်ရင်းဖို့လည်း 'သင်ဉာဏ်'ပေးပါတယ်။

ဈေးသည်ဆန်ဆန် ရောင်းရုံဝယ်ရုံသက်သက်ထက် ပိုပြီးအကျိုးအမြတ်ကြီးမားတဲ့ငွေရင်းမြုပ်နှံမှုစီးပွားရေးလုပ်ငန်းကို မီးမောင်းထိုးပြတာပါပဲ။

mgyee.com

mgyoe.com SAMPLE BOOK

## အထင်ရှားဆုံး ဥပမာ

အကောင်းဆုံးနှင့် အထင်ရှားဆုံးဥပမာကို 'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာအုပ်မှာလည်း ပြခဲ့ပြီးသားပါ။ အဲဒါကတော့ ပိုင်ဆိုင်မှု ၃ မျိုး ၃ စားစလုံးကို ပေါင်းစပ်ပြီး သူတို့ချင်း ပိုက်လိုင်းတွေသွယ်ဆက်ပေးထားလိုက်တဲ့ မက်ဒေါ်နယ်လ် ဟမ်ဘာဂါ မုန့်လုပ်ငန်းပါပဲ။

ရေးခရော့ခ်ဟာ ဒီလုပ်ငန်းကို ကမ္ဘာပေါ်မှာ အကောင်းဆုံးလုပ်ငန်းအဖြစ် ဝယ်ယူပိုင်ဆိုင်ခဲ့တာ ဘာမှမကြာသေးပါဘူး။

ခုတော့ ကမ္ဘာတစ်ဝှမ်းက ဈေးကွက်ဝင် စည်ကားတဲ့အချက်အချာလမ်းတိုင်းမှာ ဖွင့်ထားနိုင်ခဲ့သလို စတော့ဈေးကွက်မှာလည်း ထိပ်တန်းရောက်နေပါတယ်။

မက်ဒေါ်နယ်လ်ရဲ့စီးပွားရေးလုပ်ငန်းကွန်ရက်ဖြန့်ပုံ, ဆိုင်နေရာတွေ အသုံးပြုပုံ, ရှယ်ယာတွေသန်းချီရောင်းပုံ, စာချုပ်စာတမ်းတွေ ပိုင်ဆိုင်ပုံ, ကမ္ဘာအနှံ့ ကျက်စားပုံ တွေကို ကြည့်ပါ။ ဒါဟာ လူချမ်းသာတွေရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ တကယ့်နည်းလမ်း အစစ်ပါပဲ။

၂၀၀၃ ခုနှစ်အတွင်း ရေးခရော့ခ်ရဲ့ဇနီး ဂျုန်း ကွယ်လွန်သွားပါတယ်။ သူတို့ အစပျိုးခဲ့တဲ့လုပ်ငန်းကြီးကတော့ ကမ္ဘာအနှံ့ခြေဆံ့ပြီး သန်းပေါင်းများစွာသော အလုပ် နေရာတွေ ဖန်တီးပေးခဲ့ရာက လူချမ်းသာတွေဖြစ်အောင်လုပ်ပေးခဲ့တာ မနည်းမနောပါ။

ဂျုန်းခရော့ခ်ဟာ ချမ်းသာတာထက် သဒ္ဓါရက်ရောစိတ်ကောင်းရှိရာမှာ ပိုပြီး ကျော်ကြားပါတယ်။

ဂျုန်းဆိုတဲ့ သူဌေးမကြီးဟာ ဒေါ်လာကုဋေချီပြီး လှူခဲ့ပါတယ်။

ချမ်းသာသူတွေဟာ ကောက်ကျစ်ရက်စက်တယ်, ဆိုးယုတ်တယ်, လောဘ ကြီးတယ်လို့ ပြောလာသူတိုင်းကို ကျွန်တော်ကတော့ မက်ဒေါ်နယ်လ်တို့ဇာတ်လမ်းကို ဖတ်ကြည့်လိုက်ပါလို့ တိုက်တွန်းနေကျပါ။

mgyoe.com

## မလွယ်
mgyoe.com SAMPLE BOOK
## တဲ့လမ်း

ရင်းနှီးမြှုပ်နှံမှုမှာ အလွယ်ဆုံးနည်းလမ်းရှိပါသလား။ အဖြေကတော့ မရှိပါဘူးလို့ပါပဲ။

အမြတ်ဆုံးရင်းနှီးမြှုပ်နှံမှုကော ရှိပါသလား။

ကျွန်တော့်ဟာ ၂၅ နှစ်မှာ စီးပွားရေးလုပ်ငန်းခရီးကို တကယ် စ,နင်ခဲ့ရာက ၃၅ နှစ်အထိ အခက်အခဲ, ဆုံးရှုံးမှုတွေနှင့် ကြုံခဲ့ရပါတယ်။

ဒါပေမယ့် ၃၅နှစ်ကျော်စပြီး ပိုင်ဆိုင်မှုတွေကြားမှာ ပိုက်လိုင်းတွေသွယ်နိုင်ခဲ့သလို လွယ်ကူချောမောတဲ့လမ်းကို ပျော်ပျော်ပဲ လျှောက်လှမ်းနိုင်ခဲ့ပါတယ်။

ဒီနေ့ဆိုရင် ငွေကစားပွဲရဲ့ စတုတ္ထပိုင်းထဲ ဝင်ခဲ့ပါပြီ။ ငွေပိုက်တွေကလည်း ကြီးသထက်ကြီး, သန့်သထက်သန့်လာလို့ ငွေတွေ ဒလဟောစီးဝင်နေလေရဲ့။

ဒါဟာ ကျွန်တော့်အဖို့တော့ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးဆက်ပါပဲ။

သူဌေးဖေဖေပြောခဲ့တာ ရှိပါတယ်။

"ငွေပြဿနာ ၂ မျိုးရှိတယ်ကွ။ တစ်မျိုးက ငွေမလုံလောက်တာဖြစ်ပြီး နောက်တစ်မျိုးက ငွေတွေလျှံနေတာပဲ" တဲ့။

ကဲ။ ဘယ်ပြဿနာကို ခင်ဗျားလိုချင်သလဲ။

ဝါရင်းဘတ်ဖက်ကတော့ –

"လူတွေဟာ တဖြည်းဖြည်းချမ်းသာမယ့်အခွင့်အလမ်းထက်နောက်တစ်ပတ်ထိပေါက်မယ်လို့ ကတိပေးတာမျိုးကို ပိုကြိုက်ကြတယ်" ဆိုပဲ။

## ဒီစာအုပ်
## ရဲ့ ခြားနားချက်

ကျွန်တော်ရေးခဲ့တဲ့ သူဌေးဖေဖေရဲ့ Rich Dad's Guide to Investing စာအုပ်မှာ "လူချမ်းသာတွေဟာ ဆင်းရဲသားတွေနှင့် လူလတ်တန်းစားတွေလုပ်တဲ့ရင်းနှီးမြှုပ်နှံမှုမျိုး လိုက်မလုပ်ကြဘူး" လို့ ပြောခဲ့ပါတယ်။

ငွေပိုက်သွယ်ဖို့ ငွေလှည့်ကစားဖို့တွေနှင့် ပိုင်ဆိုင်မှု ၃ မျိုးစလုံးကို ရယူဖန်တီးဖို့တွေလည်း ပါခဲ့ပြီးသား။

ဒီစာအုပ်ကတော့ ပိုင်ဆိုင်မှု ၃ မျိုးရဲ့တွန်းအားနှင့် အရှိန်မြှင့်ဖို့တွေကို သုံးသပ်ပြရုံသာမက ငွေလှည့်ပတ်စီးဆင်းမှုရဲ့အရှိန်အဟုန်ကို အခြေခံကျကျ သုံးသပ်လေ့လာချက်တွေပါ ရေးထားတာပါ။

mgyoe.com SAMPLE BOOK

သူဌေးဖေဖေရဲ့ပို့ချချက်အရ ကျွန်တော့်ငွေတွေကို ဘဏ်တစ်ဘဏ်၊ ဒါမှမဟုတ် သားစားနွားခြံထဲမှာ နှစ်ရှည်လများ မြှုပ်နှံမထားလိုက်ပါဘူး။

ကျွန်တော့်ငွေတွေရဲ့အလုပ်က ကျွန်တော့်အတွက် ကျိုးကျိုးနွံနွံလုပ်ပေးပြီး ပိုင်ဆိုင်မှုတွေပိုရအောင် ဆောင်ကြဉ်းပေးဖို့ပါပဲ။

ငွေတွေကို အရှိန်ပိုမြှင့်စေတဲ့အနေနှင့် ပိုင်ဆိုင်မှု-၃ မျိုးရဲ့စွမ်းအားကို အသုံးပြုတတ်အောင် နားလည်တတ်ကျွမ်းဖို့လိုပါတယ်။

၁။ OPM (တခြားလူရဲ့ပိုက်ဆံ)

၂။ ရွေးလုပ်တဲ့သီးခြားလုပ်ငန်းများ

၃။ အခွန်ဥပဒေ

ဒီစာအုပ်ကို ဆက်ဖတ်သွားတဲ့အခါ ဒီပိုင်ဆိုင်မှုစွမ်းအားတွေက ငွေကို အလျင်ပိုရစေမှာနှင့်အမျှ လုံခြုံရေးအာမခံချက်ပါပေးမယ်ဆိုတာ သိရပါလိမ့်မယ်။

## အရှိန်အဟုန် အရေး ကြီးတယ်

ကျွန်တော် ငွေတွေကို အမြန်နှုန်းမြင့်မားအောင်မောင်းပေးဖို့ အရေးကြီးတဲ့အချက်က ငွေတွေဟာ သွက်သွက်လက်လက်နှင့် အမြန်မသွားရင် အခွန်တော်ပြဋ္ဌာန်းချက်တွေနှင့်ငြိသွားနိုင်ရာက တခြားလူတွေရဲ့ငွေတွေနှင့်ပေါင်းပြီး ကန်အားသုံးဖို့ အခွင့်ကောင်းကို လက်လွတ်သွားမယ်။ ပြီးတော့ မသမာသူတွေရဲ့ပစ်မှတ် ဖြစ်သွားနိုင်တယ်လေ။

အငြိမ်းစားငွေစာရင်းမှာထည့်ပြီး နှစ်ရှည်အိပ်ခိုင်းထားသူတွေရဲ့ငွေတွေကတော့ နေးကွေးလေးလံနေတာနှင့်ပဲ ကြီးလေးတဲ့အခွန်တွေကို ဆပေးရလိမ့်မယ်။ လူမသမာတွေ၊ လက်လျင်တဲ့ငွေရှင်တွေ၊ ဈေးကွက်ဖိအားတွေရဲ့ဒဏ်လည်း ခံရဦးမယ်။

ဒီစာအုပ်က ခင်ဗျားထည့်ဝင်ရင်းနှီးလို့ ပိုင်ဆိုင်မှုရတာထက် ငွေကို အရှိန်အဟုန်နှင့် အသုံးချမောင်းနှင်အားပေးဖို့ အကြောင်းတွေ ရေးထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# တတ်ကျွမ်းမှု
# နှင့်ကံကောင်းမှု
# တခြားစီ

'ရင်းနှီးမြှုပ်နှံမှုကရငွေ'ကို အားထားအမှီပြုတဲ့ ငွေရှင်အတော်များများမှာ အံ့မခန်းကျွမ်းကျင်တဲ့ပညာတွေရှိသလို၊ ရင်းနှီးမြှုပ်နှံသူအများစုဟာ ကျွမ်းကျင်မှုထက် ကံဆိုးကံကောင်းအပေါ်မှာ မူတည်ကွက်လေးရှိပါတယ်။

ငွေစီးဆင်းလှည့်ပတ်တဲ့နည်းနှင့် ရင်းနှီးမြှုပ်နှံသူအဖို့တော့ အံ့မခန်းကျွမ်းကျင်မှုနှင့် အကြားအမြင်များတဲ့သုတပညာတွေ လိုအပ်ပါတယ်။

ဒုတိယနည်းက အစပိုင်းမှာ အထ,နှေးသလိုထင်ရပြီး စိတ်ပျက်လက်ပျက်တောင် ဖြစ်သွားနိုင်ပါရဲ့။

ဒီအစား ငွေကုမ္ပဏီတစ်ခုကိုဝင်သွားပြီး စာချုပ်စာတမ်းတစ်မျိုးမျိုးကို ဝယ်လိုက်တာကမှ ပိုလွယ်တာပေါ့။

ဘဏ်စာရင်းတစ်ခု စ,ဖို့အရေးဟာ ဒုံးပျံပါရဂူဖြစ်စရာတော့ မလိုပါဘူး။

တကယ်ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူမှန်ရင် ငွေဖြစ်မယ့်ပစ္စည်းကို ရွေးတတ်ရပါလိမ့်မယ်။

ငွေဝင်လမ်းဖြောင့်စေမယ့်ပိုင်ဆိုင်မှုမျိုးဟာ အမှန်အကန်ကျွမ်းကျင်မှုနှင့် ကံကောင်းဖို့နည်းနည်းလေးသာ လိုပါတယ်။

ကျွန်တော်ကတော့ အနာဂတ်စီးပွားရေးကိုပိုင်စိုးဖို့မှာ ကံထက်ဉာဏ်ကို ပိုယုံပါတယ်။

လူများစုကတော့ ကံဆိုး မကြုံသေးသရွေ့ ကံကောင်းနေတယ်လို့ မှတ်ကြတာပဲ။ 'ငါ့ကျမှဖြစ်ရလေတယ်။ တခြားလူတွေ သွားဖြစ်ပါတော့လား'လို့လည်း ညည်းတတ်ကြပါသေးတယ်။

ကျွန်တော့်အမြင်တော့ လူဖြစ်လာကတည်းက ကံကောင်းလို့ပဲပေါ့။ စီးပွားရေးအာမခံချက်နှင့် ဘဝလွတ်မြောက်ရေးဆိုတာ ကံနှင့်မဆိုင်ပါဘူး။ လမ်းမှန်ကိုရှာတွေ့နိုင်ရင်ပဲ တော်လှပါပြီ။

စစ်မှန်တဲ့ အကြံပေးပုဂ္ဂိုလ်တွေရဲ့ ကောင်းမွန်တဲ့အကြံတွေရမှလည်း အဆင်ပြေနိုင်ပါတယ်။

သူဌေးဖေဖေက–

mgyoe.com

mgy SAMPLE BOOK
"ငွေကြေးအတိုင်ပင်ခံအဖွဲ့တွေဟာ ဘွဲ့ထူးဂုဏ်ထူးတွေ တစ်သီကြီးတပ်ထားရုံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ပတ်ပတ်နပ်နပ်သိနေပြီလို့ မထင်နှင့်။ များသောအားဖြင့် လူတွေဟာ လူရွေးမှားပြီး သူတို့ဖုန်းနံပါတ်တွေကို ပေးမိကြတာကွ"တဲ့။

အကျိုးတူရန်ပုံငွေမှာ ဈေးဦးပေါက်ရင်းနှီးငွေထည့်မိတဲ့နောက် သူ့ဌေးဖေဖေက လူမှန်နေရာမှန်ရှိရာကို လိုက်ပို့ပေးခဲ့ပါတယ်။

နောက်ပိုင်း ကျွန်တော့်အစွမ်းအစနှင့် ကျွန်တော် ကျွန်တော်နှင့်ကိုက်ညီမယ့် အကြံပေးပုဂ္ဂိုလ်တွေကို ရွေးနိုင်ခဲ့တာပဲဆိုပါတော့။

## အားပေး
## စကား
## တစ်ခွန်း

လူအတော်များများဟာ အလုပ်ကိုပင်ပင်ပန်းပန်းလုပ်ပြီး စုထားတဲ့ငွေကို ငွေကြေးတာဝန်ခံမန်နေဂျာဆိုသူတွေလက်ထဲ ပုံအပ်၊ ပြီးတော့ အဲဒီလူဟာ 'တကယ်စွမ်းတဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ပါစေ'လို့ ဆုတောင်းမျှော်လင့်နေတတ်ကြပါတယ်။

ကျွန်တော့်အမြင်တော့ ဒီလူတွေဟာ စီးပွားရေးပညာမတတ်ရှာကြသလို သင်လည်းမသင်ခဲ့ကြလေတော့ သူတို့လုပ်ရပ်က စွန့်စားမှုကြီးမားရုံသာမက အကျိုးအမြတ်လည်းမရှိနိုင်သလို စိတ်ချမ်းသာမှုလည်း သိပ်ရမယ်မထင်ပါဘူး။

ကျွန်တော်ကိုယ်တိုင်လည်း ပိုင်ဆိုင်မှုတွေမှာ ရင်းနှီးမြှုပ်နှံခါစက ယောင်ဝါးဝါးနှင့် မဝံ့မရဲ အားငယ်စိတ်တွေတောင် ဝင်ခဲ့မိပါသေးတယ်။

ဒီတော့ ခင်ဗျားတို့အနေနှင့် ပိုင်ဆိုင်မှုအမျိုးအစား ၂ ခု၊သို့မဟုတ် ၃ ခုကို ရယူတည်ဆောက်ဖို့စဉ်းစားရာမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေမှာပဲလို့ ကိုယ်ချင်းစာနားလည်မိပါရဲ့။ အထူးသဖြင့် တစ်ခုမှမရှိတဲ့လူတွေအနေနှင့် ပိုဆိုးမှာပေါ့လေ။

ကျွန်တော် အားပေးချင်တဲ့စကားက လုပ်ငန်း ၃ မျိုးကို အချိန်ယူလေ့လာပြီးရင် အရဲစွန့်လုပ်ကြည့်ပါလို့။

ခင်ဗျားကိုယ်ခင်ဗျားလည်း အားပေးပြီးပြောကြည့်ပါ။

"ငါ တင်းနစ်, ကြက်တောင်, ဂေါက်သီးရိုက်ကစားဖို့ ၁၀ နှစ် အချိန်ယူပြီး သင်ယူလေ့ကျင့်မယ်"

ဒါဆိုရင် ဒီကနေ့ ဘာမျှကျွမ်းကျွမ်းကျင်ကျင်မကစားတတ်တဲ့တိုင်အောင် နောက် ၁၀ နှစ်အကြာမှာ ၃ မျိုးစလုံးကို ကောင်းကောင်းကစားနိုင်မှာ သေချာပါတယ်။

mgyoe.com SAMPLE BOOK

ငွေနှင့်ရင်းနှီးမြှုပ်နှံမှုမှာလည်း ဒီအတိုင်းပဲပေါ့။ ကျွန်တော် နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ရတယ်။ ၁၀ နှစ်လောက်ကြာတော့ နိုင်နိုင်နင်းနင်းကစားလာနိုင်တယ်။ အနှစ် ၂၀ နောက်ပိုင်းမှာ ကစားပွဲကျွမ်းလာတာကို အောင်မှတ်တွေက သက်သေပြခဲ့ပါတယ်။

တစ်နည်းပြောရင် ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော့်ထက်ချမ်းသာသူခဲ့တွေထက် ကျွန်တော်က အပြတ်အသတ်ချမ်းသာလာခဲ့ပါပြီ။

ခင်ဗျားကိုယ်ခင်ဗျား တော်တယ်လို့မထင်ဘူးဆိုရင် ကျွန်တော်ကကောဘာထူးသေးလို့လဲ။

ဒါပေမယ့် ကျွန်တော်က ကြိုးစားပမ်းစားနှင့် ဖြည်းဖြည်းမှန်မှန် ဆည်းပူးလေ့ကျင့်တယ်။

လူတော်တွေနှင့်ပေါင်းတယ်။ လူတော်တွေကို ရှာထားတယ်။

အစပျိုးရမှာကြောက်တဲ့လူ ရှိတယ်ဆိုရင် အဲဒီလူဟာ ကျွန်တော်ပါပဲ။ ဒီလိုနှင့် အစပိုင်းမှာ ကျွန်တော့်ကို ကူညီမယ့်မိတ်ဆွေတွေကို လိုက်ရှာခဲ့ရတယ်။

'အငြိမ်းစားလူငယ် အငြိမ်းစားသူကြွယ်'ဆိုတဲ့ ကျွန်တော့်စာအုပ်ထဲမှာ ကျွန်တော်ရယ်, ဇနီးသည်ကင်မ်ရယ်, အချစ်ဆုံးမိတ်ဆွေ လာရီကလတ်စ်တို့ဟာ နှင်းတောထဲက သစ်လုံးအိမ်ထဲမှာထိုင်ရင်း၊ဘဝရှေ့ရေးအတွက် နောက် ၁၀ နှစ်စာ စီမံကိန်းတွေချခဲ့ပုံကို ရေးပြခဲ့ပါသေးတယ်။ ၁၀ နှစ်ကြာတဲ့နောက် ကျွန်တော်တို့ ၃ ယောက်စလုံး စီးပွားရေးအကျပ်အတည်းက လွတ်မြောက်ခဲ့ကြတာပါပဲ။

"မင်းကိုမင်း လုံလောက်တဲ့အချိန်ပေးနိုင်ရင် ဘာမဆိုဖြစ်တယ်ကွ"

အဲဒါ သူဌေးဖေဖေရဲ့သွန်သင်ချက်ပြောစကား။

## စဉ်းစားပါ
## စွန့်စားပါ

ခု ကျွန်တော်ပြောနေတာတွေက ချမ်းသာအောင်မြင်ရေးလမ်းစဉ်ပါ။ ချမ်းသာသထက် ချမ်းသာစေမယ့်ကျင့်စဉ်တွေပါ။

မဖြစ်နိုင်တာမဟုတ်ပါဘူး။ မဖြစ်သေးတာပဲ ရှိကြပါတယ်။

ကြိုးစားရင်ဖြစ်လာမှာ ကျိန်းသေပါတယ်။

mgyoe.com

ကျွန်တော်ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ခဲ့ရာက ၂ ဘဝ, ၃ ဘဝစာ ချမ်းသာခဲ့တဲ့နည်းတွေပါ။

ကိုယ်ပိုင်ရွေးချယ်ဖို့ပဲ လိုပါတယ်။

ခင်ဗျားကို ကျွန်တော် တစ်ပုံကြီးအသိပေးခဲ့ပါပြီ။

ဒီအထဲက မှတ်မှတ်ရရပြောရရင် ကျွန်တော်လျှောက်ခဲ့သမျှဟာ ပန်းခင်းလမ်းတော့ မဟုတ်ခဲ့ဘူး။ ကျွန်တော်က ခရောင်းလမ်းကိုရွေးခဲ့တယ်။ ပန်းခင်းလမ်းက ကျွန်တော့်အတွက်တော့ အကျိုးသိပ်မထူးလို့ပါပဲ။

စဉ်းစားကြည့်လေ။

၁။ ဝန်ထမ်းဘဝနှင့်ဆက်လုပ်နေရင် တစ်သက်လုံး ဒီဘဝရောက်မှာမဟုတ်ပါဘူး။ အလုပ်ရပ်လိုက်တာနှင့်လည်း ငွေဝင်လမ်း ပိတ်သွားမှာပေါ့။

၂။ ၂၅ နှစ်အရွယ်ကစပြီး အိုနာစာရန်ပုံငွေထဲ ပိုက်ဆံတွေ အရစ်ကျသွင်းလိုက်ရင် ၆၅ နှစ်အထိတောင် ပြန်မြင်ရဦးမှာမဟုတ်ဘူးလေ။ ကျွန်တော်က ၅ နှစ် အတွင်း ငွေပြန်ပေါ်စေချင်သလို ကိုယ်ပိုင်ပစ္စည်းကို လက်ကိုင်ထားချင်တာ။ ငွေပြန်ရအောင်လည်း ရောင်းမပစ်ချင်ဘူး။

၃။ ကျွန်တော့်ငွေတွေကို အနှစ် ၄၀ လောက် စားကျက်ထဲမှာ 'ကျောင်း'ပစ်လိုက်တာဟာ သားသတ်သမားတွေ, လူလိမ်လူညာတွေ, ငွေဈေးလျှောင်လှုပ်မှုတွေဘေးက ကင်းခဲ့ပါတယ်။ ဒီတော့ ငွေပွဲစားတွေပေးမယ့် ၁ နှစ်မှ ၁.၅ ဒေါ်လာတိုးကိုလည်း မက်စရာမလိုတော့ဘူးပေါ့။ အနှစ် ၄၀ ကြာ ငွေတွေ မျိုးချလိုက်တဲ့နောက် ခုတော့ ငွေပင်ကငွေတွေ ဝေဝေဆာဆာသီးနေတာမှ မဆွတ်နိုင်လောက်အောင် ဖြစ်နေပါပြီ။

ကိုယ့်ဘဝ,ကိုယ့်လမ်းကိုရွေးချယ်ဖို့ စဉ်းစားပါ။ ဈေးသည်တွေဆီကထက် စစ်မှန်တဲ့အကြံပေးပုဂ္ဂိုလ်တွေရဲ့အကြံကောင်းအကြံမှန်တွေကို အရယူဖို့ စဉ်းစားပါ။

ကိုယ်ပိုင် ပစ္စည်းပိုင်ဆိုင်မှုတွေနှင့် သူတို့ကြားထဲမှာ ပိုက်လိုင်းသွယ်ဖို့စဉ်းစားပါ။ ငွေကြေး အင်အားကောင်းကောင်း အရှိန်ပြင်းပြင်းနှင့် ရှိမ်ဝင်တိုးပွားလာအောင် ငွေဝင်လမ်းတွေကို ချဲ့ထွင်ဖို့စဉ်းစားပါ။

စဉ်းစားပြီးရှင်တော့ တွေဝေမနေဘဲ စွန့်စားဖို့သာကြံပါတော့။